# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အလှူဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက် | ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (၀၉၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၁)တွင် အမှာစကားပြောကြား

# လုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေး ပြန်လည်နာလန်ထူလာအောင် ဆောင်ရွက်နိုင်မည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၄/၂၀၂၁)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ◆

**ယနေ့** ဖ တ် စ ရာ


၁၉၄၈ ခုနှစ် ပထမဦးဆုံး မြန်မာ့လွတ်လပ်ရေးအောင်ပွဲအခမ်းအနား ပသာဒမြင်ကွင်း — ဆောင်းပါး — စာ - ၆

မြန်မာအမျိုးသားလေကြောင်း ဇန်နဝါရီလတွင် နိုင်ငံ ငါးနိုင်ငံသို့ ကယ်ဆယ်ရေးခရီးစဉ်များ ပျံသန်းပြေးဆွဲမည် — ပြည်တွင်းသတင်း — စာ - ၂

# လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သည့် ရည်ရွယ်ချက်

၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံသည် နယ်ချဲ့ ဗြိတိသျှလက်အောက်သို့ တစ်နိုင်ငံလုံးကျရောက်သွားခဲ့ရပြီး အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ်ကို လက်လွတ်ဆုံးရှုံးခဲ့ရသည်။ သူ့ကျွန်ဘဝသို့ ကျရောက်သွားရသော အပြောင်းအလဲသည် လွန်စွာလျင်မြန်လှသည့်အတွက် မြန်မာပြည်သူတို့သည် ဝေခွဲမရ တွေဝေမှုများဖြင့် အခိုက်အတန့် ငြိမ်သက်နေခဲ့ကြသည်။ သို့သော် ၁၈၈၆ ခုနှစ်၏ နှစ်လယ်ပိုင်းသို့ ရောက်လာသည့်အခါ အဖြစ်မှန်ကို ရှင်းရှင်းလင်းလင်း သိမြင်သွားကြပြီဖြစ်သည့်အလျောက် ဆန့်ကျင်တိုက်ခိုက်မှုများ စတင်ဖြစ်ပေါ်လာသည်။

"မြန်မာလူမျိုးတို့သည် မည်သည့်ချုပ်ချယ်မှုကိုမျှလည်း အလိုရှိသော လူမျိုးမဟုတ်၊ တိတိကျကျအားဖြင့် နိုင်ငံခြားသားများ၏ အုပ်ချုပ်ခြင်းကို နည်းနည်းမျှ လိုလားကြသူများ မဟုတ်ကြ။ ထို့ကြောင့် မြန်မာတို့သည် အတိုက်အခိုက် ကျွမ်းကျင်သူများကို ခေါင်းဆောင်တင်မြှောက်ကာ ကျွန်ုပ်တို့ကို စတင်တိုက်ခိုက်ကြလေတော့၏။ ဤနည်းဖြင့် မြန်မာပြည်အထက်ပိုင်း ဗန်းမော်မှ အလယ်ပိုင်း မင်းလှမြို့အထိ၊ ရှမ်းပြည်မှသည် ချင်းတောင်တန်းများအထိ တစ်ပြည်လုံး အုန်းအုန်းကျွက်ကျွက် ဆူပွက်ပုန်ကန် တိုက်ခိုက်ကြပါတော့သည်။"ဟူ၍ ထိုစဉ်က အခြေအနေကို ကိုယ်တိုင်တွေ့ကြုံခဲ့ရသူ၊ ဗြိတိသျှစစ်အုပ်ချုပ်ရေးယန္တရားမှ အရေးကြီးပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ဖီးလ်ဒင်းဟော က ရေးသားခဲ့သည်။ ဗြိတိသျှတို့၏ စစ်ဌာနချုပ်ရုံးကို မြန်မာနိုင်ငံသို့ ရွှေ့ပြောင်းကာ စစ်သား၊ စစ်ရဲအင်အားများ ထပ်မံဖြည့်တင်း၍ မြန်မာမျိုးချစ် တော်လှန်ရေးသမားများ၏ ဆန့်ကျင်တော်လှန်မှုများကို ဆယ်နှစ်ကျော်မျှ နှိမ်နင်းခဲ့ရပြီး ဆယ်စုနှစ် အနည်းငယ်မျှ ငြိမ်သက်သွားခဲ့သည်။

၁၉၀၀ ပြည့်လွန်နှစ်များတွင် ဇာတိမာန်စိတ်ဓာတ် ပြန်လည်နိုးကြားခြင်းနှင့်အတူ ဝံသာနုခေတ် အမျိုးသားစိတ်ဓာတ်နှင့် လွတ်လပ်ရေးစိတ်ဓာတ်တို့ ပွားများတိုးတက်လာခဲ့ရာ ဒုတိယကမ္ဘာစစ်ကြီးကာလအထိ နိုင်ငံရေးတိုက်ပွဲများဖြင့် ဆူပွက်လှုပ်ရှားနေခဲ့သည်။ မြန်မာ့လွတ်လပ်ရေးအတွက် ရှန်းကန်လှုပ်ရှားမှုများအတွင်း စတင် သန္ဓေတည်လာခဲ့သည့် မြန်မာ့တပ်မတော်သည် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) အဖြစ် မွေးဖွားသန့်စင်ပေါ်ထွန်းခဲ့ကာ မြန်မာ့မြေပေါ်မှ နယ်ချဲ့တို့ကိုလည်းကောင်း၊ ဖက်ဆစ်တို့ကိုလည်းကောင်း တွန်းလှန်တိုက်ခိုက်ခဲ့သည်။ ဖက်ဆစ်ဆန့်ကျင်ရေးတိုက်ပွဲများတွင် ရန်သူ့ဘက်၌ ကျဆုံးသူ ၁၀၈၂၆၊ ဒဏ်ရာရ ၂၃၀၄၊ သုံ့ပန်း ၂၀၅ ယောက်နှင့် ရန်သူ၏လက်နက်ခဲယမ်း အမြောက်အမြား သိမ်းဆည်းရမိခဲ့သည်။

၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၀၊ ၁၁၊ ၁၂ ရက်နေ့များတွင် ဗမာ့တပ်မတော်တိုင်းမှူးများ အစည်းအဝေးကို ကျင်းပခဲ့ပြီးနောက် တိုင်းပြည်သို့ နှုတ်ဆက်စာထုတ်ပြန်ခဲ့ရာတွင် "ကျွန်ုပ်တို့ တပ်မတော်သားအားလုံးသည်လည်းကောင်း၊ မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် စွန့်စွန့်စားစား ဆောင်ရွက်ခဲ့သူအပေါင်းတို့သည်လည်းကောင်း ဤမျှအပင်ပန်းခံ၊ အဆင်းရဲအနစ်နာ အသေအကျေခံကာ ကြိုးပမ်းဆောင်ရွက်ခဲ့သည်မှာ လက်တစ်ဆုပ်မျှရှိသော လူတစ်စု၏ ကောင်းစားမှုကိုသာလည်းကောင်း၊ ကျွန်ုပ်တို့၏ ကိုယ်ရေးကိုယ်တာ တိုးတက်မှုကိုသာလည်းကောင်း ရည်ရွယ်မှန်းဆလျက် ဆောင်ရွက်လုပ်ကိုင်ခဲ့ကြသည်မဟုတ်ဘဲ မြန်မာနိုင်ငံလူထုအပေါင်း လွတ်လပ်ရေးအတွက် ရည်စူးလျက် လုပ်ကိုင်ခဲ့ကြသည့် အကြောင်းကို ခေါင်းဆောင်မည့်ပုဂ္ဂိုလ်များနှင့် နိုင်ငံသူ နိုင်ငံသားအပေါင်းတို့အား အထူးလေးနက်စွာ ဖော်ပြလိုက်ပေကြောင်း" ဟူ၍ ထည့်သွင်းရေးသားခဲ့ရာ အသက်သွေးချွေးမြောက်မြားစွာ ရင်းနှီး၍ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြခြင်း၏ ရည်ရွယ်ချက်ကို တွေ့မြင်နိုင်သည်။

မိမိတို့၏ ဘိုးဘွားများ သက်စွန့်ကြိုးပမ်းရယူပေးခဲ့သည့် လွတ်လပ်ရေးသည် နိုင်ငံသူ နိုင်ငံသားအားလုံးအတွက်၊ ခေတ်အဆက်ဆက် မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ဆက်ခံနိုင်ရေးအတွက် ဖြစ်သည်။ လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သော နိုင်ငံသူ နိုင်ငံသားဘဝကို မိမိတို့ခံစားကြရသည့်နည်းတူ အနာဂတ်မျိုးဆက်သစ်များသို့လည်း လက်ဆင့်ကမ်းနိုင်ရမည်ဖြစ်သည့်အလျောက် နိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းထမ်းရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၂။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို စောင့်ရှောက်ဖော်ဆောင်၍ ကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ်နှင့် အုပ်ချုပ်မှုပုံစံ ပေါ်ထွန်းလာစေရေး။

၃။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားအားလုံး စည်းလုံးချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်ရေး။

၄။ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဖော်ဆောင်ရေး။

## ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များ၏ နောက်ဆုံးနှစ်(ဘွဲ့ကြို) သင်တန်းများပြန်လည်ဖွင့်လှစ်မည်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိဆေးတက္ကသိုလ်များ၏ နောက်ဆုံးနှစ် အမ်ဘီဘီအက်စ် အပိုင်း(ခ) (၆/၂၀၁၉) (ပုံမှန်) သင်တန်း၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များ၊ ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များ၊ အခြေခံကျန်းမာရေး တက္ကသိုလ်နှင့် တိုင်းရင်းဆေးတက္ကသိုလ်တို့၏ နောက်ဆုံးနှစ် (၁/၂၀၂၀) (ပုံမှန်) သင်တန်းများကို (၂၀၂၂) ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သက်ဆိုင်ရာတက္ကသိုလ်များ၏ Facebook Page, Website တို့တွင် ဝင်ရောက်ကြည့်ရှုခြင်း၊ တက္ကသိုလ်များသို့ တိုက်ရိုက်စုံစမ်းမေးမြန်းခြင်းများကို ဆောင်ရွက်နိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့အစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက်က ရန်ကုန်မြို့သိမ်ဖြူလမ်း အမှတ် (၂၂၈) ရှိ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စာအုပ်အလှူရှင်တက္ကသိုလ် စိုးယဉ်မိသားစုတို့ တက်ရောက်ကြသည်။



ရှေးဦးစွာ စာရေးဆရာ တက္ကသိုလ်စိုးယဉ်က ကိုယ်တိုင်ရေးသားသော တန်ဖိုး ၅၈ သိန်းဖိုးရှိ သုတရသ စာအုပ်သုံးမျိုး၊ အုပ်ရေ ၉၀၀ ကို လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေက လက်ခံပြီးကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ အလှူရှင် တက္ကသိုလ် စိုးယဉ်က စာအုပ်များ လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟိုအလုပ် အမှုဆောင် အဖွဲ့အစည်းအဝေး ဆက်လက်ဆောင်ရွက်ရာ ဥက္ကဋ္ဌ ဦးညွန့်ဆွေက အမှာစကား ပြောကြားသည်။ အစည်းအဝေး တက်ရောက်သည့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များက တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ဆောင်ရွက်ချက်များကို တင်ပြ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**




## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် မင်းကင်းမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီ၊ တီးတိန်မြို့နှင့် တွန်းဇံမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီနှင့် ဟုမ္မလင်းမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

နောက်နှစ်ရက် အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

**အမျိုးသားညီညွတ်ရေးဆိုသည်မှာ ခေါင်းဆောင်များသာ ညီညွတ်ခြင်းကို မဆိုလို။ လူမျိုး၊ ဘာသာ၊ ယောကျာ်း၊ မိန်းမ၊ ဂိုဏ်းဂဏမရွေး တစ်နိုင်ငံလုံး ပြည်သူပြည်သား၊ လူထုတစ်ခုလုံး အပြောသာမဟုတ်၊ အလုပ်နှင့်တကွ အမျိုးသားတို့၏ အလိုဆန္ဒများ ပြည့်ဝနိုင်ရန် အမျိုးသားတို့၏လုပ်ငန်းများတွင် သောင်းသောင်းဖြဖြ စိတ်ရောကိုယ်ပါ ညီညွတ်ကြသည်ကို ဆိုလိုသည်။**

**[ဗိုလ်ချုပ်အောင်ဆန်း ၂၀-၁-၁၉၄၆ ရက်နေ့ ရွှေတိဂုံဘုရား အလယ်ပစ္စယံညီလာခံ၌ ပြောကြားသော မိန့်ခွန်းမှ ကောက်နုတ်ချက်]**



ရွှေတိဂုံဘုရားနှင့် ကရဝိက်ခန်းမ — ဓာတ်ပုံ - ပြန်/ဆက်

- **မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်သည့် နိုင်ငံဖြစ်ခြင်းကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဦးစားပေးပြီး အားပေးဆောင်ရွက်ပေးလျက်ရှိသဖြင့် နိုင်ငံစီးပွားရေးအတွက် များစွာအထောက်အကူပြု**
- **အလားတူ စက်ရုံအလုပ်ရုံများအနေဖြင့်လည်း ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှုနှင့် ဆူပူအကြမ်းဖက်လုပ်ရပ်များကြောင့် စက်ရုံအလုပ်ရုံအချို့ ရပ်နားထားခဲ့ရသော်လည်း ယခုအခါ စက်ရုံအလုပ်ရုံအချို့မှလွဲ၍ စက်ရုံအလုပ်ရုံအားလုံးနီးပါး ပြန်လည်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိ**

◆ *ရွှေ့ဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးချစ်နိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဒေါက်တာဒေါ်သီတာဦး၊ ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးခင်ရီ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ဦးရွှေလေး၊ ဒေါက်တာ ဒေါ်သက်သက်ခိုင်၊ ဒေါက်တာငွေးအောင်နှင့် ဦးစောထွန်းအောင်မြင့်တို့ တက်ရောက်ကြသည်။

**ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိပြီးဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် အစိုးရတစ်ရပ်သည်အဓိကအားဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာများကို ဆောင်ရွက်ရခြင်းဖြစ်သဖြင့် အစိုးရအဖွဲ့၏ လုပ်ဆောင်မှုများသည် အရေးကြီးကြောင်း၊ မိမိတို့ တာဝန်ယူချိန်မှစ၍ ရှေ့လုပ်ငန်းစဉ် (၅)ရပ် ချမှတ်ဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲကော်မရှင်အား ပြန်လည်ဖွဲ့စည်းခြင်း၊ မဲစာရင်းများအားပြန်လည်စိစစ်ခြင်း၊ တာဝန်ရှိသူများအား ဖော်ထုတ်အရေးယူခြင်းများကို ဆောင်ရွက်ခဲ့ရာ အတိုင်းအတာတစ်ခုအထိ အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများနှင့် ပတ်သက်၍လည်း တာဝန်ရှိသူများက တက်ကြွစွာဖြင့် ဦးဆောင်ဆောင်ရွက်ခဲ့မှု၊ ပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်မှုများနှင့် စည်းကမ်းလိုက်နာပြီး ပူးပေါင်းဆောင်ရွက်မှု၊ အိမ်နီးချင်းနိုင်ငံများ၏ ကူညီပေးခဲ့မှုများကြောင့် ကိုဗစ် - ၁၉ တတိယလှိုင်းအား အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ပြီး ယခုအခါ ကူးစက်မှုနှုန်းများစွာ လျော့နည်းလာပြီဖြစ်သဖြင့် အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်သည့် စည်းကမ်းချက်တချို့ကို တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်း၍ ဖြေလျှော့ပေးမည်ဖြစ်ကြောင်း၊ သို့သော်ကိုဗစ်-၁၉မျိုးရိုးဗီဇပြောင်းရောဂါပိုး (အိုမီခရွန်) ကူးစက်မှုအချို့ရှိခြင်းကြောင့် သတိထားဆောင်ရွက်ရန်လိုကြောင်း၊ ကိုဗစ် -၁၉ ရောဂါကူးစက်မှုများဖြစ်ပွားခဲ့ချိန် အတွေ့အကြုံများကြောင့် ယခုအခါ ဆေးရုံများအား ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အောက်ဆီဂျင်နှင့် ကုသဆေးများအပြင် အခြားလိုအပ်သည်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိပြီး ဖြစ်ကြောင်း။

**အားလုံးနီးပါး ပြန်လည်ဖွင့်လှစ်**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကျဆင်းသွားသည့် နိုင်ငံ၏စီးပွားရေး ပြန်လည်တိုးတက်မှုရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်သည့်နိုင်ငံဖြစ်ခြင်းကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဦးစားပေးပြီး အားပေးဆောင်ရွက်ပေးလျက်ရှိသဖြင့် နိုင်ငံစီးပွားရေးအတွက် များစွာ အထောက်အကူပြုကြောင်း၊ အလားတူ စက်ရုံအလုပ်ရုံများအနေဖြင့်လည်း ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားမှုနှင့် ဆူပူအကြမ်းဖက်လုပ်ရပ်များကြောင့် စက်ရုံအလုပ်ရုံအချို့ ရပ်နားထားခဲ့ရသော်လည်း ယခုအခါ စက်ရုံအလုပ်ရုံအချို့မှလွဲ၍ စက်ရုံအလုပ်ရုံအားလုံးနီးပါး ပြန်လည်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ကျဆင်းသွားပြီဖြစ်သဖြင့် ခရီးသွားကဏ္ဍသည်လည်း ပြန်လည်လည်ပတ်လာပြီး အဆိုပါလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသည့် လုပ်ငန်းများအားလုံးနီးပါး ပုံမှန်ပြန်လည် လည်ပတ်လာပြီဖြစ်ကြောင်း၊ သို့သော် အချို့သောလုပ်ငန်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးကန့်သတ်ချက်များကြောင့် ထိန်းသိမ်းဆောင်ရွက်နေရခြင်းများရှိကြောင်း၊ လုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်အောင်ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေး ပြန်လည်နာလန်ထူလာအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**အာဏာပြန်လည်လွှဲပြောင်းပေးရန်ဖြစ်**

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများအတွက် အမြဲတမ်းဖိတ်ခေါ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါတွင် ညှိနှိုင်းမှုများကြောင့် မကြာမီအချိန်အတွင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကျင်းပနိုင်ပြီး ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် အကျိုးကျေးဇူးများ တိုးတက်ရရှိမည်ဟု မျှော်လင့်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၏ နောက်ဆုံးအချက်ဖြစ်သည့် လုပ်ဆောင်ဖွယ်ရာများလုပ်ဆောင်ပြီးပါက ရွေးကောက်ပွဲအသစ် ပြန်လည်ပြုလုပ်၍ အနိုင်ရရှိသည့် ပါတီအား အာဏာပြန်လည်လွှဲပြောင်းပေးရန်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းများအားလုံး အဆင်ပြေချောမွေ့စေရန် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများ၊ နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုများအပေါ်တွင် များစွာမူတည်ပြီး မိမိတို့အစိုးရတစ်ဖွဲ့တည်းအနေဖြင့် ဆောင်ရွက်၍ မရကြောင်း၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၏ ပထမအချက်မှ စတုတ္ထအချက်အထိ လုပ်ငန်းစဉ်များသည် နောက်ဆုံးလုပ်ငန်းစဉ် ချောမွေ့စွာဖြင့် အောင်မြင်စေရေးအတွက် လမ်းခင်းပေးထားခြင်းဖြစ်သဖြင့် အဆိုပါလုပ်ငန်းစဉ်လေးရပ်အား ထိခိုက်အောင် ဆောင်ရွက်မည်ဆိုပါက နောက်ဆုံးလုပ်ငန်းစဉ်အတွက် အဟန့်အတား ဖြစ်စေနိုင်ကြောင်း၊ လက်ရှိအခြေအနေတွင် မိမိတို့အနေဖြင့် မူဝါဒများ ပြောင်းလဲမည် မဟုတ်ကြောင်း။

**ပိုမိုတိုးတက်အောင်ကြိုးပမ်း**

ပြီးခဲ့သည့် အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာ သုံးလတာကာလအတွင်း ပို့ကုန်များ အထိုက်အလျောက်တင်ပို့နိုင်ခဲ့ပြီး ထိုသို့တင်ပို့ရာတွင် လယ်ယာထုတ်ကုန်များ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ သွင်းကုန်များနှင့် ပတ်သက်၍လည်း စားအုန်းဆီများနှင့် စက်သုံးဆီများတင်သွင်းမှုကို ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ကြီးဌာနများအလိုက် စက်သုံးဆီများသုံးစွဲရာတွင်လည်း လုပ်ငန်းကို မထိခိုက်စေဘဲ လျှော့ချ၍ ရသည်များကို လျှော့ချဆောင်ရွက်ရန်လိုကြောင်း၊ ကုန်သွယ်မှုအရ ရငွေများ ရရှိအောင် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ထုတ်ကုန်များယခုထက် ပိုမိုတင်ပို့နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် ပြည်ပသို့ တင်ပို့သည့် ထုတ်ကုန်များအား အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် လိုကြောင်း၊ အလားတူပြည်တွင်း၌လည်း အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်သည့် ထုတ်ကုန်များဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံ၏ GDP ကို ကုန်သွယ်မှုလုပ်ငန်း တစ်ခုတည်းဖြင့် တွက်ချက်၍မရသော်လည်း ကုန်သွယ်မှုပမာဏများပြားလာခြင်းဖြင့် နိုင်ငံ၏ GDP တိုးတက်အောင် အထောက်အကူပြုနိုင်ကြောင်း၊ စားသောက်ကုန်နှင့် သုံးကုန်များထက် အခြားကုန်ထုတ်လုပ်မှုကို ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဝန်ကြီးဌာနများအလိုက် အချက်အလက်များ သိမ်းဆည်းထားရှိရန် လိုအပ်မှုနှင့် ပတ်သက်၍ပြောကြားရာ၌ **"ကျွန်တော်တို့ တိုင်းပြည်မှာ တစ်ချက်ဘာလဲဆိုတော့ မနေ့က စီးပွားရေးကော်မတီမှာလည်း ကျွန်တော်ပြောပါတယ်။ Data နဲ့ပတ်သက်တဲ့ အားနည်းချက်**

*စာမျက်နှာ ၄ သို့*

**“ပြည်ပသို့ ပို့ကုန်များ တင်ပို့ရာတွင် ကုန်ကြမ်းတင်ပို့ရောင်းချခြင်းထက် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်တင်ပို့ရောင်းချသွားကြရန်လို၊ တိုင်းပြည်၏ သယံဇာတပစ္စည်းများအား ထိထိရောက်ရောက် အသုံးချ၍ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်တင်ပို့နိုင်ရေးနည်းလမ်း ရှာဖွေဆောင်ရွက်”**

- **ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများအတွက် အမြဲတမ်းဖိတ်ခေါ်ဆောင်ရွက်လျက်ရှိ၊ ယခုအခါတွင် ညှိနှိုင်းမှုများကြောင့် မကြာမီအချိန်အတွင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကျင်းပနိုင်ပြီး ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် အကျိုးကျေးဇူးများ တိုးတက်ရရှိမည်ဟု မျှော်လင့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၏ နောက်ဆုံး အချက်ဖြစ်သည့် လုပ်ဆောင်ဖွယ်ရာများလုပ်ဆောင်ပြီးပါက ရွေးကောက်ပွဲအသစ် ပြန်လည်ပြုလုပ်၍ အနိုင်ရရှိသည့်ပါတီအား အာဏာပြန်လည်လွှဲပြောင်းပေးရန်ဖြစ်**
- **ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းများအားလုံး အဆင်ပြေချောမွေ့စေရန် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများ၊ နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုများအပေါ်တွင် များစွာ မူတည်ပြီး မိမိတို့အစိုးရတစ်ဖွဲ့တည်းအနေဖြင့် ဆောင်ရွက်၍မရ၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၏ ပထမအချက်မှ စတုတ္ထ အချက်အထိ လုပ်ငန်းစဉ်များသည် နောက်ဆုံးလုပ်ငန်းစဉ် ချောမွေ့စွာဖြင့် အောင်မြင်စေရေးအတွက် လမ်းခင်း ပေးထားခြင်းဖြစ်သဖြင့် အဆိုပါလုပ်ငန်းစဉ်လေးရပ်အား ထိခိုက်အောင် ဆောင်ရွက်မည်ဆိုပါက နောက်ဆုံး လုပ်ငန်းစဉ်အတွက် အဟန့်အတားဖြစ်စေနိုင်၊ လက်ရှိအခြေအနေတွင် မိမိတို့အနေဖြင့် မူဝါဒများ ပြောင်းလဲမည်မဟုတ်**

*စာမျက်နှာ ၃ မှ*

ကျွန်တော်တို့မှာရှိတယ်။ ကျွန်တော်တို့အစိုးရတင် မဟုတ်ပါဘူး။ ဟိုအရင် အစိုးရအဆက်ဆက်လည်း ဒီလိုပါပဲ။ Data နဲ့ပတ်သက်တဲ့ အားနည်းချက်ရှိတယ်။ မှတ်တမ်းမှတ်ရာမရှိကြဘူး။ ကျွန်တော်တို့ သူများရဲ့ကျွန်ဖြစ်ခဲ့တဲ့အတွက်ကြောင့် ကျွန်တော်တို့ရဲ့ မှတ်တမ်းတွေ ဖျက်ဆီးခံရတဲ့အတွက်ကြောင့်ပါ ပါလိမ့်မယ်။ ကျွန်တော်တို့ရဲ့ သမိုင်းမှတ်တမ်းတွေ မရှိဘူး။ အထောက်အထားတွေ တချို့ရှာရ တော်တော်ခက်ပါတယ်။ တချို့အချက်အလက်တွေက အင်္ဂလိပ်ကနေ ရေးသားထုတ်ဝေခဲ့တဲ့ အချက်အလက်တွေအပေါ် မူတည်ပြီး ကျွန်တော်တို့ ပြန်ကြည့်ရတာ ရှိပါတယ်။ ကျွန်တော်တို့ဆီက ထုတ်ပြန်တဲ့အချက်အလက်တွေမှာ တချို့ပေပေါ်မှာ ရေးတဲ့ဟာတွေ။ ပေနဲ့တင်တာကြတော့လည်း ဆေးကျမ်းတွေက ပိုများတယ်။ ကျန်တဲ့ဟာတွေ ရှိသလားဆိုတော့ မရှိဘူးတော့ မဟုတ်ဘူး ရှိတော့ရှိတယ်။ သို့သော် ဆေးကျမ်းတွေက ပိုများပါတယ်။ အကြောင်းတစ်ခုခု သိချင်လို့ ကျွန်တော်တို့လိုက်ရှာပြီဆိုရင် တော်တော်ခက်ခက်ခဲခဲရှာရတယ်။ Data တွေ။ ဒါကြောင့် ကျွန်တော်တို့ ဝန်ကြီးဌာနများအနေနဲ့ အချက်အလက်တွေကို သေချာလေးဆောင်ရွက်ပေးထားဖို့၊ မှတ်ထားပေးဖို့ လိုပါတယ်။ ပိုဆိုးတာကတော့ ကျွန်တော်တို့က ရန်ကုန်ကနေ နေပြည်တော်ကို ရုံးတွေပြောင်းတဲ့အခါမှာ အချက်အလက်တချို့ကို မလိုပါဘူးကွာဆိုပြီး ထားပစ်ခဲ့တယ်။ အဲဒီလိုနဲ့ ကျွန်တော်တို့ကဖြစ်လာခဲ့တယ်။ အဲဒီတော့ဒီမှာ ကြည့်လို့ရှိရင် တချို့သောအချက်အလက်တွေ ဒီမှာ မရှိဘူး။ တချို့က ရန်ကုန်မှာ ရှိနေတယ်။ ဥပမာ အမျိုးသားစာကြည့်တိုက်ဆိုလျှင် တချို့စာရွက်စာတမ်းက ရန်ကုန်မှာရှိတယ်။ ဒီမှာမရှိဘူး။ ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီး ရန်ကုန်မှာ တချို့ပစ္စည်းတွေရှိတယ်။ တချို့ပစ္စည်းတွေက ဒီမှာရှိတယ်။ မနေ့တစ်နေ့ကပဲ ပြင်ဦးလွင်ကိုသွားတော့ ပြင်ဦးလွင်ဘူတာမှာရှိတဲ့ အခန်းတစ်ခန်းကို ကျွန်တော်က ငါ့ပြစမ်းပါဆိုပြီးပြောတော့ ပထမတော့ အဲဒီအခန်းကို ပိတ်ထားတယ်။ ဖွင့်ပြစမ်းပါဆိုပြီး ဖွင့်ကြည့်တော့ အထဲမှာ ဟိုရှေးခေတ်ကခေတ်ပုံတွေ သွားတွေ့တယ်။ မီးရထားစက်ခေါင်းပုံတွေ၊ ဘူတာပုံတွေ သွားတွေ့တယ်။ သိပ်တန်ဖိုးရှိတယ်။ တော်တော်တန်ဖိုးရှိတဲ့ပုံတွေ သွားတွေ့တယ်။ မှတ်တမ်းမှတ်ရာ ထားသိုမှုနဲ့ ပတ်သက်ပြီး တန်ဖိုးကို တချို့နားမလည်ဘူး။ ငါတို့ ဘယ်လိုပြောင်းလဲလာသလဲ။ ဘယ်လို ပြောင်းလဲလာသလဲဆိုတာကို သိဖို့လိုပါတယ်။ ငါတို့ဝန်ကြီးဌာနတွေ၊ ငါတို့ရဲ့လုပ်ဆောင်ချက်တွေ ဘယ်လိုပြောင်းလဲလာသလဲ။ ငါ့တို့ နိုင်ငံရေး၊ စီးပွားရေး ဘယ်လို ပြောင်းလဲလာသလဲ။ ငါတို့ရဲ့ စီးပွားရေးပုံစံတွေ ဘယ်လိုပြောင်းလဲလာသလဲ။ ဥပမာအားဖြင့်

**“ကိုဗစ်ကာကွယ်ဆေးထိုးနှံမှုနှင့် ပတ်သက်၍ ဒီဇင်ဘာလတွင် နိုင်ငံလူဦးရေ၏ ၁၈ နှစ်နှင့်အထက် ၅၀ ရာခိုင်နှုန်း ထိုးနှံပြီးစီးရန် လျာထားပြီး ကျန်းမာရေးဝန်ကြီးဌာန၏ တင်ပြချက်အရ ၁၈ နှစ်နှင့် အထက် ၅၁ ရာခိုင်နှုန်းကျော် နှင့် ၁၂ နှစ်နှင့်အထက် ကျောင်းသားကျောင်းသူ ၈၇ ရာခိုင်နှုန်းကျော် ထိုးနှံပြီးစီးပြီဟု သိရ၊ ကိုဗစ် ကာကွယ် ဆေးထိုးပြီးသော်လည်း ကိုဗစ်စည်းမျဉ်း စည်းကမ်း များကို ဆက်လက်လိုက်နာသွားကြရန်နှင့် တစ်နိုင်ငံလုံး၏ အမျိုးသားရေးနှင့်ဆိုင်သော အမျိုးသား အကျိုးစီးပွား ဖြစ်သည့်အတွက် တာဝန်ရှိသူများကလည်း ကြပ်ကြပ် မတ်မတ် ထိန်းသိမ်းဆောင်ရွက်သွားကြရန် လို”**

စိုက်ပျိုးရေးဆိုရင် စပါးနဲ့ပတ်သက်ပြီး ဘယ်လိုပြောင်းလဲသွားသလဲ။ ပဲနဲ့ပတ်သက်ပြီး ဘယ်လိုပြောင်းလဲသွားသလဲ။ ဆီနဲ့ပတ်သက်ပြီး ဘယ်လိုပြောင်းလဲသွားသလဲ။ ရော်ဘာစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး ဘယ်လိုပြောင်းလဲသွားသလဲ။ ရော်ဘာထုတ်ကုန်ပစ္စည်း ဘယ်လိုပြောင်းလဲသွားသလဲ စသည်ဖြင့် ဒီလိုမျိုးကစပြီး ကျွန်တော်တို့တိုင်းပြည်က မှတ်တမ်းမှတ်ရာရှိဖို့လိုတယ်။ ဒီခေတ်ကပိုပြီး လွယ်ပါတယ်။ ဒီခေတ်က ကျွန်တော်တို့လက်လှမ်းမီတယ်။ လွန်ခဲ့တဲ့ ၁၀ စုနှစ်နှစ်ခု၊ သုံးခုလောက် အထိလှမ်းပြီး Data ပြန်ကောက်လို့ရတယ်။ ဒါတွေက လုပ်ထားပြီးရင် နောင် ၁၀ နှစ်၊ ၁၅ နှစ်ကျရင် နှစ်ပေါင်း ၅၀ ဖြစ်လာမယ်။ ကျွန်တော်တို့က လွန်ခဲ့တဲ့ နှစ် ၃၀ က Data ကို ပြန်ကောက်နိုင်လို့ရှိရင် နောင်အနှစ် ၂၀ ကျရင် အဲဒီ Data သည် နှစ် ၅၀ ကြာတဲ့ Data ဖြစ်သွားမယ်။ အဲဒီ နှစ် ၅၀ အချိန်မှာ နောက် Data ကောက်တဲ့သူတွေ ကောက်တဲ့အခါ နှစ် ၅၀ Data ကို ရတယ်ဆိုပြီး သူတို့မှာက ပိုတန်ဖိုးရှိတယ်။ ကျွန်တော်တို့ အရှေ့က အဲဒီလို Dataတွေ ထိန်းသိမ်းနိုင်မှုမရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့မှာ တော်တော်ခက်ခက်ခဲခဲ လုပ်ရတာရှိတယ်။ ဒါလေးတွေကို ဝန်ကြီးဌာနများအနေနဲ့ ဒီအားနည်းချက်ကို ပြင်ပေးဖို့ ကျွန်တော် ပြောလိုပါတယ်” ဟု ပြောကြားသည်။

## စနစ်တကျဖြင့်တည်ဆောက်

ထို့နောက် မိမိတို့အစိုးရသည် အချိန်ကာလတိုတစ်ခုအတွင်းသာ နိုင်ငံတော်၏ တာဝန်ကို ထမ်းဆောင်သည့် အစိုးရအဖွဲ့ဖြစ်သဖြင့် ရေရှည်လုပ်ငန်းများထက် လတ်တလော အကောင်အထည်ဖော်ဆောင်ရွက်၍ ရသည်များကိုသာ ဦးစားပေးဆောင် ရွက်ကြရန်လိုကြောင်း၊ အားကစားကဏ္ဍနှင့် ပို့ဆောင်ရေးကဏ္ဍတို့တွင် ကာလတိုအတွင်း ဆောင်ရွက်၍ ရသည်များကို ပထမဦးစားပေးဆောင်ရွက်လျက်ရှိပြီး ပညာရေးကဏ္ဍနှင့် ပတ်သက်၍လည်း နိုင်ငံတော်၏ အမျိုးသားပညာရေးစီမံကိန်း (နှစ် -၃၀) အတိုင်းသာ ဆောင်ရွက်လျက်ရှိကာ ယခင်ဆောင်ရွက်ခဲ့သည့်သင်ရိုးများမှ မိမိတို့နိုင်ငံ၏ လူမှုရေးစနစ်နှင့် မကိုက်ညီသည်များကိုသာ တည်းဖြတ်ဆောင်ရွက်ခြင်းများသာရှိကြောင်း၊ ဌာနဆိုင်ရာအဆောက်အဦများ တည်ဆောက်ရာတွင်လည်း အကုန်အကျသက်သာပြီး လက်တွေ့ဆောင်ရွက်နိုင်သည့် အဆောက်အဦများကို ပုံစံတူသာ တည်ဆောက်ကြရန်လိုကြောင်း၊ အလားတူ တက္ကသိုလ်များ၊ စာသင်ဆောင်များ၊ ခန်းမများနှင့် အားကစားခန်းမများ တည်ဆောက်ရာတွင်လည်း ရေရှည်အတွက် စဉ်းစားတွက်ချက်၍ စနစ်တကျဖြင့် တည်ဆောက်ကြရန်အတွက် တာဝန်ရှိသူများက ကြပ်မတ်ကွပ်ကဲကြရန်လိုကြောင်း မှာကြားသည်။

## အတည်ပြုချက်ရယူ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေး၍ အတည်ပြုချက်ရယူကြသည်။

## အခွန်အခများ ပြည့်ပြည့်ဝဝရရှိနိုင်ရေး ဆောင်ရွက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် တိုင်းပြည်၏ အခွန်အကောက်နှင့် ပတ်သက်၍ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးယန္တရားများတုံ့ဆိုင်းခဲ့ရပြီး အထွေထွေဝင်ငွေများ လျော့နည်းမှုရှိခဲ့ကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ရသင့်ရထိုက်သည့် အခွန်အခများ ပြည့်ပြည့်ဝဝရရှိနိုင်ရေး ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ အခွန်အခလျှော့ပေါ့ပေးနိုင်ရေးကိစ္စရပ်များ တင်ပြကြရာတွင်လည်း ဖြစ်သင့်ဖြစ်ထိုက်သည့်၊ လျှော့ပေါ့သင့် လျှော့ပေါ့ထိုက်သည့် အခြေအနေများ ရှိမှသာ သုံးသပ်တင်ပြ ဆောင်ရွက်ကြစေလိုကြောင်း။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ပြည်ပကုန်သွယ်မှုတွင် ပို့ငွေပြသော်လည်း နှစ်စဉ် ဘတ်ဂျက်ရေးဆွဲရာတွင် လိုငွေပြနေကြောင်း၊ ယင်းမှာ အခွန်အကောက်များ လျာထားချက်ပြည့်မီစွာ မရရှိခြင်း၊ မြန်မာ ကျပ်ငွေနှင့် နိုင်ငံခြားငွေလဲလှယ်မှုနှုန်းထား ကွာဟချက်ရှိခြင်းတို့ကြောင့် ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံခြားသုံးငွေနှင့် ပတ်သက်၍ တတ်နိုင်သမျှ ခြိုးခြံချွေတာကြရန်နှင့် နိုင်ငံခြားငွေပိုမိုရရှိစေရေး နည်းလမ်းများရှာဖွေ ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ပြည်ပသို့ ပို့ကုန်များ တင်ပို့ရာတွင် ကုန်ကြမ်းတင်ပို့ ရောင်းချခြင်းထက် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်တင်ပို့ရောင်းချသွားကြရန် လိုကြောင်း၊ တိုင်းပြည်၏ သယံဇာတပစ္စည်းများအား ထိထိရောက်ရောက် အသုံးချ၍ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်တင်ပို့နိုင်ရေး နည်းလမ်းရှာဖွေ ဆောင်ရွက်သွားကြရန်လိုကြောင်း။

**မျှော်တွေးပြီး ဆောင်ရွက်**

ကုန်သွယ်ရောင်းဝယ်မှုများ ဆောင်ရွက်ရာတွင် တရုတ်နိုင်ငံသုံး ယွမ်ငွေနှင့် မြန်မာကျပ်ငွေတိုက်ရိုက်လဲလှယ်သုံးစွဲနိုင်ရန် နှစ်နိုင်ငံသဘောတူစာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့်လည်း နှစ်နိုင်ငံသုံး ငွေကြေးများတိုက်ရိုက်လဲလှယ်သုံးစွဲနိုင်ရန်အတွက် သဘောတူညီမှုများရရှိထားပြီးဖြစ်ပြီး ဆက်လက်ဆောင်ရွက်နေကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်မျှော်တွေးပြီး ဆောင်ရွက်ကြရန်လိုကြောင်း။

ကိုဗစ်ကာကွယ်ဆေးထိုးနှံမှုနှင့် ပတ်သက်၍ ဒီဇင်ဘာလတွင် နိုင်ငံလူဦးရေ၏ ၁၈ နှစ်နှင့်အထက် ၅၀ ရာခိုင်နှုန်း ထိုးနှံပြီးစီးရန် လျာထားပြီး ကျန်းမာရေးဝန်ကြီးဌာန၏ တင်ပြချက်အရ ၁၈ နှစ်နှင့်အထက် ၅၁ ရာခိုင်နှုန်းကျော်နှင့် ၁၂ နှစ်နှင့်အထက် ကျောင်းသားကျောင်းသူ ၈၇ ရာခိုင်နှုန်းကျော် ထိုးနှံပြီးစီးပြီဟု သိရကြောင်း၊ ကိုဗစ်ကာကွယ်ဆေးထိုးပြီးသော်လည်း ကိုဗစ်စည်းမျဉ်း စည်းကမ်းများကို ဆက်လက်လိုက်နာသွားကြရန်နှင့် တစ်နိုင်ငံလုံး၏ အမျိုးသားရေးနှင့်ဆိုင်သော အမျိုးသားအကျိုးစီးပွားဖြစ်သည့်အတွက် တာဝန်ရှိသူများကလည်း ကြပ်ကြပ်မတ်မတ် ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ဝန်ကြီးဌာနပိုင် မြေနေရာများတွင် ကျူးကျော်နေထိုင်ခြင်းများ မရှိစေရေး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သလို ကြိုတင်ထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဥပဒေအတိုင်း ဆောင်ရွက်၍ ရသည်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မူဝါဒပိုင်းနှင့်ပတ်သက်၍ ဝန်ကြီးဌာနများအလိုက် ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များ ရှိပြီးဖြစ်ကြောင်း၊ အဓိကမှာ နိုင်ငံ၏ အကျိုးစီးပွားကို ဦးတည်ဖော်ဆောင်ရန် လိုအပ်ကြောင်း။

၂၀၂၂ ခုနှစ်သည် စိန်ရတု ပြည်ထောင်စုနေ့၊ ၂၀၂၃ ခုနှစ်သည် စိန်ရတု လွတ်လပ်ရေးနေ့တို့နှင့် တိုက်ဆိုင်နေကြောင်း၊ တိုင်းသူပြည်သားများအနေဖြင့် မိမိတို့နိုင်ငံအတွက် နိုင်ငံချစ်စိတ်၊ ဇာတိမာန်တို့ဖြင့် ဂုဏ်ယူနေစေရန် အကောင်းဆုံးလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပိုမိုအလေးပေးဆောင်ရွက်သွားကြရန်နှင့် စိန်ရတုအခမ်းအနားများ ဖြစ်မြောက်ရေးအတွက် အကောင်းဆုံးပံ့ပိုးဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေး စံပြစီမံကိန်း လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Rural Revitalization Administration (NRRA)အောက်ရှိ International Poverty Reduction Centre in China (IPRCC )တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် “ China– aided Pilot Project of Poverty Reduction Cooperation in Myanmar” ကျေးရွာအဆင့်ဆင်းရဲမှု လျှော့ချရေး စံပြစီမံကိန်း လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် သံအမတ်ကြီး မစ္စတာချန်းဟိုင်က ယခုစီမံကိန်းကို ၂၀၁၄ ခုနှစ်တွင် နေပြည်တော်၌ ကျင်းပခဲ့သော အရှေ့အာရှ အစည်းအဝေးတွင် တရုတ်နိုင်ငံ၏ဝန်ကြီးချုပ် Mr. Li Keqiang က ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ရေး အဆိုပြုခဲ့သဖြင့် ကမ္ဘောဒီးယား၊ လာအိုနှင့်မြန်မာနိုင်ငံတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော စီမံကိန်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း စံပြစီမံကိန်းအဖြစ် ကျေးရွာ နှစ်ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလအတွင်း ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများအရ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် များစွာအခက်အခဲရှိခဲ့ပါကြောင်း၊ ယခုကဲ့သို့ အခက်အခဲများကြားမှ စီမံကိန်းအောင်မြင်စွာ ပြီးစီးရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော တရုတ်-မြန်မာနှစ်နိုင်ငံမှ ဝန်ထမ်းများကိုလည်း အသိအမှတ်ပြု ချီးကျူးလိုပါကြောင်း။

စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြင့် စီမံကိန်း ကျေးရွာများအနေဖြင့် များစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး စံပြကျေးရွာများအဖြစ် တည်ရှိနေမည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့်လည်း ဆင်းရဲမှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများနှင့် ကျေးရွာများဖွံ့ဖြိုးမှု ရှင်သန်စေရေးဆိုင်ရာ အတွေ့အကြုံကောင်းများ ဆက်လက်မျှဝေပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ၊ စိုက်ပျိုးရေးထုတ်ကုန်များ အဆင့်မြှင့်တင်ခြင်းတွင် နည်းပညာပံ့ပိုးပေးခြင်း လုပ်ငန်းများနှင့် စိုက်ပျိုးရေးထွက်ကုန်များ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရေး လုပ်ငန်းများကို ဆက်လက်ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် တရုတ်နိုင်ငံအပြည်ပြည်ဆိုင်ရာ ဆင်းရဲမှုလျှော့ချရေးဗဟိုဌာနတို့ ပူးပေါင်း၍ ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးစံပြစီမံကိန်းကို ကျေးလက်လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေး၊ စွမ်းဆောင်ရည်မြှင့်မားလာစေရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ အလေ့အကျင့် ကောင်းများကို မျှဝေနိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း။

အဆိုပါ စီမံကိန်းအား ပြည်ထောင်စု နယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်မှ မင်းပြင်ကျေးရွာနှင့် တပ်ကုန်းမြို့နယ်မှ အေးချမ်းသာ(စံပြ) ကျေးရွာတို့တွင် တရုတ်နိုင်ငံ၏ ထောက်ပံ့ငွေဖြင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၀၂၁ ခုနှစ် မတ် ၃၁ ရက်အထိ သုံးနှစ်တာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

စီမံကိန်းမှ အခြေခံအဆောက်အအုံ တည်ဆောက်ခြင်း လုပ်ငန်းများ၊ ပြည်သူ့ဝန်ဆောင်မှု ဆိုင်ရာ လုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ခြင်းလုပ်ငန်းများ၊ စီမံကိန်း အတွေ့အကြုံများ မျှဝေဖလှယ်ခြင်းဆိုင်ရာ လုပ်ငန်းများ (ပြည်တွင်း/ ပြည်ပ လေ့လာရေး ခရီးစဉ်များ သွားရောက်ခြင်း)၊ နည်းပညာ ပံ့ပိုးကူညီမှုဆိုင်ရာ လုပ်ငန်းများ၊ စီမံကိန်း စီမံခန့်ခွဲမှုနှင့် စောင့်ကြည့် လေ့လာအကဲဖြတ်ခြင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

စီမံကိန်း အကျိုးရလဒ်များ အနေဖြင့် လူမှုရေးဆိုင်ရာ ကုန်ထုတ်လုပ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှုနှင့် စီမံကိန်းကျေးရွာ နှစ်ရွာရှိ ကျေးလက်နေအိမ်ထောင်စု ၁၅၆၀ ခန့် စီမံကိန်းအသီးအပွင့်များ ခံစားရရှိခဲ့ပါကြောင်း။

ယင်းစနစ်ကို မြန်မာနိုင်ငံအတွင်းသာမက အာဆီယံဒေသတွင်းရှိ အခြားသော ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စီမံကိန်းများတွင်လည်း ထည့်သွင်းအသုံးပြုဆောင်ရွက်သွားနိုင်မည့် အကျိုးကျေးဇူးများ ရရှိခဲ့ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးတို့က စီမံကိန်းဆိုင်ရာ အချက်အလက်များအား အပြန်အလှန်လက်မှတ်ရေးထိုး၍ (ဝဲပုံ) လွှဲပြောင်းလက်ခံခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် အဖွဲ့ကို ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် သီးခြားလက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များအား ဆွေးနွေး ညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ခရိုင်ပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ခရိုင်ပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် ဖူဆယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် မန္တလာ သီရိအားကစားကွင်း၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ **(ယာပုံ)** ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြကာ အဖွင့်ပွဲစဉ်ဖြစ်သည့် မိတ္ထီလာခရိုင်အသင်းနှင့် ပြင်ဦးလွင်ခရိုင်အသင်းတို့၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ၁၉၄၈ ခုနှစ် ပထမဦးဆုံး မြန်မာ့လွတ်လပ်ရေးအောင်ပွဲအခမ်းအနား ပသာဒ မြင်ကွင်း

စန်းနီလာဝင်း

နှစ်ပရိစ္ဆေဒ ၁၂၄ နှစ်တိုင်အောင် ( အင်္ဂလိပ်နယ်ချဲ့လက်အောက် ၁၂၁ နှစ်၊ ဖက်ဆစ် ဂျပန်လက်အောက် ၃ နှစ်) ဆုံးရှုံးသွားခဲ့ရသော မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာတွင် ကလေးမုန့်ဖိုးလက်ဖြန့် တောင်းသလို အလွယ်တကူ ပြန်လည်ရရှိခဲ့ခြင်း လုံးဝမဟုတ်ပါ။ မျိုးချစ်စိတ်၊ တိုင်းချစ် ပြည်ချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှိကြသူတိုင်း နယ်ချဲ့တော်လှန်ရေးကို အသက်၊ သွေး၊ ချွေးပေါင်းများစွာ စတေးခံ၍လည်းကောင်း၊ အမျိုးသားနိုင်ငံရေးနည်းလမ်းများဖြင့်လည်းကောင်း၊ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး လက်တွဲမဖြုတ် ကျောချင်းကပ် ရင်ချင်းအပ်ကာ အတူလက်တွဲ ဆင်နွှဲနိုင်ခဲ့ခြင်းကြောင့် မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရရှိခဲ့ခြင်းပင်ဖြစ်သည်။

သူ့ကျွန်ဘဝအဖြစ် နှံ့နစ်ခဲ့ကြရပြီး မြန်မာတိုင်းရင်းသားအားလုံးတို့၏ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကြောင့် ဆုံးရှုံးသွားခဲ့ရသော မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရရှိခဲ့ခြင်းပင်ဖြစ်သည်။ တစ်နည်းဆိုရလျှင် ဝံသာနုရက္ခိတတရားကြောင့် ယနေ့ကမ္ဘာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မြန်မာတိုင်းရင်း



၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျင်းပသည့် ပထမဦးဆုံး လွတ်လပ်ရေးနေ့ အခမ်းအနားတွင် သခင်နုအား ဝန်ကြီးချုပ်အဖြစ် သမ္မတ စဝ်ရွှေသိုက်က ကျမ်းကျိန်ပေးစဉ်။

သားလူမျိုးဟူ၍ တည်ရှိနေခြင်းပင်ဖြစ်သည်။ နှစ်ပေါင်းထောင်ချီ၍ ကြာရှည်တည်တံ့ခဲ့သော မြန်မာ့သမိုင်းသည် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှိသူများ၏ သမိုင်းဖြစ်ပါသည်။

**မြန်မာ့လွတ်လပ်ရေးနေ့ အောင်ပွဲအခမ်းအနား ပသာဒ မြင်ကွင်း**

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ (မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက် ၊ တနင်္ဂနွေနေ့) နက္ခတ်ဗေဒင် ပညာအခါတော်အလိုအရ ဗြိစ္ဆာလက် (ကင်းမြီးကောက်ရာသီရုပ်)ရောက်ရှိချိန် အခါသမယဖြစ်၍ ဟောမန်ရာသီဥတု နံနက်ခင်းဝယ်မြောက်လေညင်းက ဆောင်းနှင်းငွေ့များနှင့်အတူ လူထုပရိသတ်ကြီးအား အအေးဓာတ်ဖြင့် လွှမ်းပတ်ခြုံသိုင်းထားပုံရသည်။

ဆီးနှင်း၊ မြူတိမ်၊ သူရိန်၊ မီးခိုး ဟူသော ငွေစန္ဒာလမင်းကြီးကို အနှောင့်အယှက်များ ဖုံးလွှမ်းထားပြီး လဆုတ်ရက်ဖြစ်သောကြောင့် ငွေရောင်ခြည်အဆင်းဖြင့် ထွန်းလင်းတောက်ပနိုင်မည် မဟုတ်ပါ။ သို့တစေ နှစ်ပေါင်း ၁၂၄ နှစ်ကြာ သူ့ကျွန်ဘဝမှ တရားဝင် စတင်လွတ်မြောက်ရသည့် ဤမြန်မာ့လွတ်လပ်ရေးနေ့လောက်တက်နေခြည်အသွင်ပမာ ကျက်သရေမင်္ဂလာအဖြာဖြာဖြင့် ထွန်းသစ်ရွှန်းတင့်နေနိုင်မည် မထင်ပါ။

၁၉၄၈ ခုနှစ် နံနက် ၄ နာရီတွင် တိုင်းပြည်ပြုလွှတ်တော်မျက်နှာစာရှိ အလံတိုင်၏ရင်ပြင်မြက်ခင်းပြင် (ယခင်အတွင်းဝန်ရုံးဟောင်းကြီး၊ နောင်ဝန်ကြီးများရုံးအတွင်း)တွင် ထိုစဉ်က ပြည်ထောင်စုမြန်မာနိုင်ငံတော် ယာယီသမ္မတ “စဝ်ရွှေသိုက်”၊ ယာယီအစိုးရဝန်ကြီးချုပ် ဦးနု၊ ယာယီ ပါလီမန် (တိုင်းပြည်ပြုလွှတ်တော်) ဥက္ကဋ္ဌ ပျော်ဘွယ် ဦးမြ၊ ယာယီ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တရားဝန်ကြီးချုပ်၊ မဟာမင်းကြီးများ၊ နိုင်ငံခြားအထူးသံတမန်များ၊ တိုင်းပြည်ပြုလွှတ်တော်အမတ်များ၊ ဖဆပလအမှုဆောင်အဖွဲ့ဝင်များ၊ နိုင်ငံတော်ကာကွယ်ရေးအဖွဲ့ အကြီးအကဲများ၊ ယာယီပါလီမန်အရာရှိများ၊ တိုင်းမင်းကြီးများ၊ ရာထူးဝန်ဥက္ကဋ္ဌနှင့် ရာထူးဝန်များ၊ အစိုးရဌာနအကြီးအကဲများ၊ အတွင်းဝန်များ၊ ဒေသန္တရအဖွဲ့ကိုယ်စားလှယ်များ၊ ရှေ့နေရှေ့ရပ်ဆိုင်ရာ ကိုယ်စားလှယ်များ၊ ကုန်သည်ကြီးများအဖွဲ့မှ ကိုယ်စားလှယ်များ၊ နေပြည်တော် ရာဇဝတ်တရားသူကြီးများ၊ ကျော်စောကိတ္တိရှိသော အခြားဧည့်သည်တော်များ ရောက်ရှိစုရုံးလျက်ရှိကြသည်။

**နိုင်ငံတော်အလံကို ငွားငွားစွင့်စွင့် မားမားမြင့်မြင့် လွှင့်ထူ**

လွှတ်တော် အဆောက်အဦ၏ မျက်နှာစာ အရှေ့ဘက်တွင် ယာယီပါလီမန် (တိုင်းပြည်ပြုလွှတ်တော်)အမတ်များ၊ လွှတ်တော်၏ ဆင်ဝင်ရှေ့တွင် ယာယီအစိုးရဝန်ကြီးချုပ် ဦးနုနှင့် ဝန်ကြီးများရှိကြသည်။ မြန်မာ့လွတ်လပ်ရေးနှင့်အတူ ပထမဦးဆုံး ပြည်ထောင်စုမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ ယာယီအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ဝန်ကြီးအဖွဲ့ဝင်များ၊ နိုင်ငံတော်တရားဝန်ကြီးချုပ်၊ နိုင်ငံတော်ရှေ့နေချုပ်၊ နိုင်ငံတော်စာရင်းစစ်ချုပ်တို့ကို အောက်ဖော်ပြပါအတိုင်း ရွေးချယ်ခန့်ထားခဲ့သည်–

| | | |
|---|---|---|
| (၁) | စဝ်ရွှေသိုက် | နိုင်ငံတော်ယာယီသမ္မတ |
| (၂) | ဦးနု | ယာယီအစိုးရအဖွဲ့ဝန်ကြီးချုပ် |
| (၃) | ဗိုလ်လကျာ် | ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး |
| (၄) | ဦးတင်ထွဋ် | နိုင်ငံခြားရေးဝန်ကြီး |
| (၅) | ဦးတင် | ဘဏ္ဍာရေးနှင့်အခွန်တော်ဝန်ကြီး |
| (၆) | ဦးထွန်းမြင့် | ရှမ်းပြည်နယ်ဝန်ကြီး |
| (၇) | စောစံဖိုးသင် | ကရင်ရေးရာဝန်ကြီး |
| (၈) | ဆမားဒူးဝါးဆင်ဝါးနောင် | ကချင်ပြည်နယ်ဝန်ကြီး |
| (၉) | ကိုစောဝဏ္ဏ | ကရင်နီပြည်နယ်ဝန်ကြီး |
| (၁၀) | ဦးဝမ်းသူဆောင် | ချင်းရေးရာဝန်ကြီး |
| (၁၁) | ဦးကျော်ငြိမ်း | ပြည်ထဲရေးဌာနဝန်ကြီး |
| (၁၂) | ဦးဘဂျမ်း | တရားဌာနဝန်ကြီး |
| (၁၃) | ဦးကိုကိုကြီး | ကူးသန်းရောင်းဝယ်ရေး၊ ထောက်ပံ့ရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီး |
| (၁၄) | သခင်တင် | လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီး |
| (၁၅) | ဦးမြ(ဟင်္သာတ) | အမျိုးသားစီမံကိန်းနှင့် စက်မှုလက်မှုဌာနဝန်ကြီး |
| (၁၆) | ဗိုလ်ဖိုးကွန်း | ပညာရေး၊ ပြည်သူ့ဝန်ထမ်းနှင့် ပြန်လည်ထူထောင်ရေးဌာနဝန်ကြီး |
| (၁၇) | မန်းဝင်းမောင် | လမ်းပန်းဆက်သွယ်ရေး၊ အဆောက်အအုံနှင့် အလုပ်သမားဌာနဝန်ကြီး |
| (၁၈) | ဦးညိုထွန်း | သတင်းနှင့် ပြန်ကြားရေးဌာနဝန်ကြီး |
| (၁၉) | ဗိုလ်စိန်မှန် | ဌာနလက်ကိုင်မရှိ ဝန်ကြီး |

**တရားလွှတ်တော်ချုပ်**

| | | |
|---|---|---|
| (၁) | ဆာဘဦး | နိုင်ငံတော်တရားဝန်ကြီးချုပ် |
| (၂) | ဦးအေးမောင် | လွှတ်တော်ချုပ်တရားဝန်ကြီး |
| (၃) | ဦးကျော်မြင့် | လွှတ်တော်ချုပ်တရားဝန်ကြီး |
| (၄) | ဦးသိမ်းမောင် | လွှတ်တော်တရားဝန်ကြီးချုပ် |
| (၅) | ဦးထွန်းဖြူ | လွှတ်တော်တရားဝန်ကြီး |
| (၆) | ဦးအုန်းဖေ | လွှတ်တော်တရားဝန်ကြီး |
| (၇) | ဦးသောင်းစိန် | လွှတ်တော်တရားဝန်ကြီး |
| (၈) | ဦးစံမောင် | လွှတ်တော်တရားဝန်ကြီး |
| (၉) | ဦးအောင်သာကျော် | လွှတ်တော်တရားဝန်ကြီး |
| (၁၀) | ဦးဘိုကြီး | လွှတ်တော်တရားဝန်ကြီး |

– နိုင်ငံတော်ရှေ့နေချုပ် – ဦးချန်ထွန်း
– နိုင်ငံတော်စာရင်းစစ်ချုပ် – ဦးစံလွင်

မင်္ဂလာအောင်စည်တော်ယွန်းသံက မိုးယံသို့တိုင်အောင် မြည်ဟိန်းလျက်ရှိသည်။ လွှတ်တော်ဆင်ဝင်အောက်တွင် ပုဏ္ဏားဖြူ ပုဏ္ဏားညိုများ၊ ဆင်ဝင်၏ ယာဘက်တွင် နိုင်ငံခြား ကိုယ်စားလှယ်တော်များနှင့် အစိုးရအရာရှိကြီး/ငယ်များ၊ လူမျိုးပေါင်းစုံ ကိုယ်စားလှယ်ဧည့်သည်တော်များ အသီးသီးနေရာယူကြသည်။

လွှတ်တော်မျက်နှာစာ၏ အရှေ့ဘက်ထောင့်တွင် မြန်မာ့တပ်မတော်၊ မျက်နှာစာရှေ့တွင် မြန်မာ့ရေတပ်၊ မြန်မာ့လေတပ်၊ သောင်းကျန်းမှုနှိမ်နင်းရေးတပ်၊ မြန်မာနိုင်ငံတော် လက်နက်ကိုင်ပုလိပ်အဖွဲ့များကို အသီးသီးနေရာချပေးထားသည်။

နိုင်ငံတော်ယာယီသမ္မတကြီးသည် အဆောင်အယောင်နှင့် လွှတ်တော်၏ ဆင်ဝင်ရှေ့သို့ ထွက်လာသည်နှင့် စည်တော်ယွန်းသံရပ်သွားတော့သည်။ သမ္မတကြီးသည် ပိုးအဖြူရောင် ရွှေချည်ထိုးဘောင်းကို ဆင်ယင်လျက် ပိုးသိုရင်းဖြူနှင့် စကားဝါနုရောင်

*စာမျက်နှာ ၇ သို့*

❖ **မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ခေါင်းပါးသူများသည် နိုင်ငံခြားသားကို တစ်ဖက်သတ် အထင်ကြီးအားကိုးကာ အမေကိုကျော်၍ ဒွေးတော်ကို လွမ်းတတ်ကြသည်။ မိမိနိုင်ငံတော်၊ မိမိလူမျိုး၊ မိမိသမိုင်းနှင့် ယဉ်ကျေးမှုကို ချစ်မြတ်နိုးကြသူများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို တည်ဆောက်သူများဖြစ်ကြသည်။ ကမ္ဘာတည်သရွေ့ မြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ စည်ပင်သာယာဖွံ့ဖြိုးတိုးတက်နေအောင် ကာကွယ်ထိန်းသိမ်းတည်ဆောက်ပြုပြင် ဖန်တီးဆောင်ရွက်ကြရမည်မှာ နိုင်ငံသူ နိုင်ငံသား တိုင်း၏ မွေးရာပါသမိုင်းပေး အမျိုးသားရေးတာဝန်ကြီးများပင်**

# ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေအရ ဘာသာရေးဆိုင်ရာအခမ်းအနားများနှင့် သာရေး / နာရေးဆိုင်ရာကိစ္စရပ်များအတွက် မူလသတ်မှတ်ထားသော လူ ၁၀၀ ဦးအစား လူ ၂၀၀ ဦးအထိ ၁-၁-၂၀၂၂ ရက်နေ့မှစ၍ စုဝေးခွင့်ပြုကြောင်း ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**အမိန့်အမှတ်၊ ၅၃၈ /၂၀၂၁**
**၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်**
**(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)**

ကျန်းမာရေးဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 – COVID–19) ကြုံတင်ကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်စေရန်အတွက် ခြွင်းချက်ပြုဖော်ပြထားသော ကိစ္စရပ်များမှအပ လူ ၁၀၀ ဦးထက် ပို၍စုဝေးခြင်းမပြုရန် ၂၉-၁၀-၂၀၂၁ ရက်စွဲပါ အမိန့်အမှတ် ၄၇၉/၂၀၂၁ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေအရ ဘာသာရေးဆိုင်ရာအခမ်းအနားများနှင့် သာရေး/ နာရေးဆိုင်ရာကိစ္စရပ်များအတွက် မူလသတ်မှတ်ထားသော လူ ၁၀၀ ဦးအစား လူ ၂၀၀ ဦးအထိ ၁-၁-၂၀၂၂ ရက်နေ့မှစ၍ စုဝေးခွင့်ပြုကြောင်း ထုတ်ပြန်လိုက်သည်။

၃။ ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့က ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

*စာမျက်နှာ ၆ မှ*

ရွှေချည်ထိုးပုဆိုးတောင်ရှည်တို့ကို သပ်သပ်ရပ်ရပ် ခံ့ခံ့ညားညား ဆင်မြန်းထား၏။

ယာယီအစိုးရဝန်ကြီးချုပ် သခင်နုမှာ ခေါင်းပေါင်းပန်းရောင်၊ မန္တလေးတောင်ရှည် ပန်းရောင်၊ ပိုးရင်ဖုံးအင်္ကျီအဖြူကို ဝတ်ဆင်ထားသည်။ မြန်မာ့တပ်မတော်၊မြန်မာ့ရေတပ်၊ မြန်မာ့လေတပ်၊ သောင်းကျန်းမှုနှိမ်နင်းရေးတပ်များနှင့် မြန်မာ့လက်နက်ကိုင် ပုလိပ်အဖွဲ့များကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ထိုအချိန်တွင် ကရင်အမျိုးသားတပ်က ဘင်ခရာ တီးမှုတ်သည်။

ပါလီမန်လွှတ်တော်ရှေ့ရှိ အလံတိုင်ပေါ်မှ ဗြိတိသျှတို့၏ ယူနီယံဂျက်အလံမှာ တသုန်သုန် တိုက်ခတ်လျက်ရှိသော ဆောင်းလေအေးကြောင့် တဖျပ်ဖျပ်လှုပ်ရှားနေသည်။ နံနက် ၄ နာရီ ၁၉ မိနစ်အချိန်တွင် ကြွရောက်လာကြသော ပရိသတ်အားလုံး ငြိမ်သက်စွာနေကြရန် မီးရောင်ပြ၍ အချက်ပေးလိုက်သည်။

နံနက် ၄ နာရီ မိနစ် ၂၀ တိတိတွင် ရန်ကုန်မြစ်ဆိပ်ကမ်း၌ ဆိုက်ကပ်နေသော "ဘာမင်ဟမ် အင်္ဂလိပ်စစ်သင်္ဘောကြီးမှ အခါတော်ကြား အမြောက်များ ပစ်ဖောက်လိုက်သည်နှင့် တစ်ပြိုင်နက် ကရင် ဘင်ခရာတပ်ဖွဲ့က တီးမှုတ်ရာ အင်္ဂလိပ်စစ်ဗိုလ်တစ်ဦးက အင်္ဂလိပ်ယူနီယံဂျက်အလံကို တဖြည်းဖြည်း ဆွဲချလိုက်သည်။ ထိုအချိန်တွင် သင်္ဘောဥသြဆွဲသံများ၊ ခေါင်းလောင်းသံများ၊ သေနတ်ဖောက်သံများ၊ မီးအိုးဗြောက်အိုးသံများနှင့်အတူ ရောင်စုံမီးရှူးမီးပန်းများက ကောင်းကင်ပြင်တစ်ခွင်လုံး ဝင်းလက်တောက်ပလျက်ရှိသည်။

အင်္ဂလိပ် ယူနီယံဂျက်အလံကိုချပြီးသည်နှင့် တစ်ပြိုင်နက် မြန်မာ့ရေတပ်မှ အရာရှိ စောချစ်စိန်က ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံတော်ကြီးကို အလံတိုင်ထိပ်သို့ တဖြည်းဖြည်း ဆွဲတင်လိုက်သည်။ ထိုအချိန်တွင် စစ်တီးဝိုင်းမှ အမျိုးသားသီချင်းသည် အားမာန်ပြည့်ဝလှသဖြင့် ကြားရသူတိုင်း ကြက်သီးမွေးညင်းထလာပြီး "မြန်မာ့သတ္တိ ကမ္ဘာက သိစေရမည်" ဟူသော ဇာတိသွေး ဇာတိမာန်များ ယိုဖိတ်လာတော့သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံတော်ကြီး အလံတိုင်ထိပ်ပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ပုဏ္ဏားတော်များက ခရုသင်းများကို မှုတ်ကြရာ တပ်ဖွဲ့အသီးသီးနှင့် မင်းပရိသတ်အပေါင်းတို့က အလံတော်ကို အလေးပြုကြသည်။ မင်္ဂလာစည်တော် ယွန်းသံကလည်း တက်နေခြည်သွင်ပမာ ကျက်သရေမင်္ဂလာရှိလှသည်။

နံနက် ၄ နာရီ မိနစ် ၄၀ တွင် ပရိသတ်အပေါင်းတို့သည် အစီအစဉ်အရ ယာယီပါလီမန် (တိုင်းပြည်ပြုလွှတ်တော်) ခန်းမကြီးထဲသို့ စုရုံး ရောက်ရှိလာကြသည်။ နံနက် ၄ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော် ယာယီသမ္မတ စဝ်ရွှေသိုက်၊ ယာယီအစိုးရဝန်ကြီးချုပ် ဦးနု၊ ယာယီပါလီမန်ဥက္ကဋ္ဌ ပျော်ဘွယ်ဦးမြတို့ လွှတ်တော်ခန်းမကြီးထဲသို့ ဝင်ရောက်လာရာ ပရိသတ်အပေါင်းက မတ်တတ်ရပ်၍ အလေးပြုကြသည်။ သမ္မတကြီးသည် စင်မြင့်ပေါ်တွင် နေရာယူပြီးနောက် သမ္မတရာထူးကို လက်ခံရယူကြောင်း ကြေညာလိုက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (၁၉၄၇)ကို အတည်ပြုကြောင်းပါ ဆက်လက်ကြေညာလိုက်ရာ ပရိသတ်က တစ်ခဲနက် သြဘာပေးကြသည်။

ထို့နောက် မြန်မာ့လွတ်လပ်ရေးအတွက် အသက်စွန့်လွတ်သွားခဲ့ကြရရှာသည့် အာဇာနည်သူရဲကောင်းအပေါင်းတို့အား သတိရသော အထိမ်းအမှတ်ဖြင့် ၂ မိနစ် ငြိမ်သက်နေကြသည်။ ဆက်လက်၍ ယာယီဝန်ကြီးချုပ်ဦးနုက အောင်စေသတည်းအစချီသော လွတ်လပ်ရေး ကြေညာစာတမ်းကို ဖတ်ကြားပြီး ဦးကျော်မြင့်ကလေးက တိုင်ပေးသော နိုင်ငံတော်၏ သီချင်းကို ပရိသတ်အပေါင်းတို့က သီဆိုကြသည်။

နိုင်ငံတော်သီချင်းကို သီဆိုအပြီးတွင် ဝန်ကြီးချုပ်သည် ရာထူးဆိုင်ရာ ကျမ်းသစ္စာနှင့် လျှို့ဝှက်ရန်ကျမ်းသစ္စာများကို ကျိန်ဆိုလက်မှတ်ရေးထိုးပြီးနောက် နိုင်ငံတော်သမ္မတ စဝ်ရွှေသိုက်က ဝန်ကြီးချုပ် ဦးနုအား ဌာနဆိုင်ရာ တံဆိပ်ဆောင်ကို ချီးမြှင့်အပ်နှင်းသည်။ ဆက်လက်၍ ဝန်ကြီးချုပ် ဦးနုက မြန်မာ့လွတ်လပ်ရေးနေ့ မိန့်ခွန်းကို မြွက်ကြားသည်။

ထိုနေ့မှာပင် မြန်မာ့လွတ်လပ်ရေး မော်ကွန်းကျောက်တိုင် အုတ်မြစ်ချအခမ်းအနားကိုကျင်းပရာ ဖဆပလဌာနချုပ် အထွေထွေအတွင်းရေးမှူး ဦးဗဆွေက သစ္စာအဓိဋ္ဌာန် ၉ ချက်ကို တိုင်ပေးရာ လူထုပရိသတ်ကြီးက ညီညာဖြိုဖြို တက်တက်ကြွကြွ အားမာန်အပြည့်အဝဖြင့် လိုက်ဆိုခဲ့ကြသည်-

(၁) ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့အား လွတ်လပ်သောလမ်းသို့ ပို့ဆောင်ခဲ့သော ငါတို့၏ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့သည့် လမ်းစဉ်အတိုင်း တစ်သဝေမတိမ်း ချီတက်မည်။

(၂) ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ သစ္စာကို မသွေမဖည် စောင့်ထိန်းမည်။

(၃) ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ လွတ်လပ်သော နိုင်ငံသားတို့၏ မွန်မြတ်သော အခွင့်အရေးကို ခံယူသည့်နည်းတူ လွတ်လပ်သော နိုင်ငံသားတို့၏ တာဝန်ဝတ္တရားကိုလည်း မတိမ်းမငဲ့ ထမ်းဆောင်မည်။

(၄) ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လုံ့လဥဿာဟဖြင့် ရရှိပြီးဖြစ်သော အမျိုးသားညီညွတ်ရေးကို ကျောက်စိုင် ကျောက်ခဲကဲ့သို့ ခိုင်မာအောင် ထိန်းသိမ်းရမည်။

(၅) ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့နိုင်ငံသားဟူသရွေ့ကို ကြီးငယ် နီးဝေး မခြား တစ်သွေးတည်း တစ်သားတည်းပြု၍၊ နည်းများ နိမ့်မြင့် မရှိစေရ ညီတူ ညီမျှပြုမည်။

(၆) ငါတို့သည် ဤနေရာ ဤအချိန်မှစ၍ သူတစ်ပါးကိုလည်း မတရားမပြု၊ ငါတို့အား မတရားပြုမူခြင်းကိုလည်း မခံ၊ အသက်နှင့်လဲ၍ ကာကွယ်မည်။

(၇) ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့နိုင်ငံတော်ကြီး၏ တရားဥပဒေများကို ရိုသေစွာ လိုက်နာကျင့်သုံးမည်။

(၈) ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့နိုင်ငံနှင့် ငါတို့လွတ်လပ်ရေးကို အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်မည်။

(၉) လုံးဝလွတ်လပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ကမ္ဘာအရှည် တည်မြဲရေးတာဝန်သည် ငါတို့နှင့်တကွ ငါတို့သားမြေး နောင်လာအဆက်ဆက်တို့အပေါ်၌ တည်စေမည်။

ဤ ငါတို့၏ သစ္စာအဓိဋ္ဌာန်မှန်သည့်အတိုင်း ငါတို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာအရှည်တည်စေသတည်း။

## ဒါတို့ပြည် ဒါတို့မြေ တို့ပိုင်တဲ့မြေ

သူ့ကျွန်ဘဝမှ လွတ်မြောက်ခဲ့သည်မှာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ၇၄ နှစ် တိုင်ခဲ့ပါပြီ။ ကမ္ဘာတည်သရွေ့ မြန်မာပြည်ကြီး အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲနေရေးအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော မြန်မာတစ်မျိုးသားလုံးတို့၏ အမျိုးသားရေးတာဝန်များဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို လုံးဝထိပါးခံ၍ မဖြစ်ပါ။

မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ခေါင်းပါးသူများသည် နိုင်ငံခြားသားကို တစ်ဖက်သတ် အထင်ကြီးအားကိုးကာ အမေကို ကျော်၍ ဒွေးတော်ကို လွမ်းတတ်ကြသည်။ မိမိနိုင်ငံတော်၊ မိမိလူမျိုး၊ မိမိသမိုင်းနှင့် ယဉ်ကျေးမှုကို ချစ်မြတ်နိုးကြသူများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို တည်ဆောက်သူများဖြစ်ကြသည်။ ကမ္ဘာတည်သရွေ့ မြန်မာနိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့စည်ပင်သာယာ ဖွံ့ဖြိုးတိုးတက်နေအောင် ကာကွယ်ထိန်းသိမ်းတည်ဆောက်ပြုပြင် ဖန်တီးဆောင်ရွက်ကြရမည်မှာ နိုင်ငံသူ နိုင်ငံသားတိုင်း၏ မွေးရာပါသမိုင်းပေး အမျိုးသားရေးတာဝန်ကြီးများပင် ဖြစ်ပါကြောင်း တင်ပြရင်း (၁၉၄၈ ခုနှစ် ပထမဦးဆုံး မြန်မာ့လွတ်လပ်ရေးအောင်ပွဲအခမ်းအနား ပသာဒမြင်ကွင်းကို) သမိုင်းမော်ကွန်းတင် အပ်ပါသတည်း။

**အကိုးအထောက်**

၁။ ပြည်တော်သာခရီး (ပထမပိုင်း၊ ဦးသန့်၊ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း)

၂။ A History of Burma , the regaining of independence (1886–1948) by Dr. Htin Aung (Columbia University Press. 1967)

✪ *ကျောဖုံးမှ*

ထိုသို့ဆောင်ရွက်ခဲ့မှုကြောင့် ရန်ကုန်မြို့နှင့် မြန်မာနိုင်ငံတောင်ပိုင်းရှိ မြို့ကြီးများတွင် အကြမ်းဖက်မှုများကို အဓိကဦးဆောင် ကြိုးကိုင်ဆောင်ရွက်နေသည့် အကြမ်းဖက်အဖွဲ့ကြီးများကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ဖြစ်စဉ် ၁၅ ကြိမ်တွင် ဖမ်းဆီးရမိသူ ၂၇၂ ဦး၊ လက်နက်ခဲယမ်းအနေဖြင့် ပစ္စတို ၄၄ လက်၊ ပွိုင့်-၂၂ သေနတ် ရှစ်လက်၊ MK-12 ၅၁ လက်၊ M-16 ၃၀ လက်၊ M-22 ၁၅ လက်၊ AK-47 ၅၅ လက်၊ M4-A1 ၁၀ လက်၊ 56-1 ငါးလက်၊ M-79 လေးလက်အပါအဝင် လက်နက်မျိုးစုံ ၂၂၈ လက်၊ ခဲယမ်းမျိုးစုံ ၂၇၂၂၈ တောင့်၊ ရှေ့ထွက်မိုင်းနှင့် လက်ပစ်ဗုံးမျိုးစုံ ၂၈၆ လုံးတို့အား သိမ်းဆည်း ရမိခဲ့သည်။ ဖမ်းဆီးရမိသူများကို ဖော်ထုတ်ချက်များအရ KNU အဖွဲ့၏ အချို့တပ်မဟာများတွင် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းတက်ရောက်ခဲ့ပြီး အမည်စာရင်းတိကျစွာ ဖော်ထုတ်ရရှိသူ ၁၇၃ ဦး ရှိကြောင်းနှင့် အမည်စာရင်း တိကျစွာဖော်ထုတ်မရရှိသူ မြောက်မြားစွာရှိကြောင်း သိရှိရသည်။ ဖမ်းဆီးရမိလက်နက်၊ ခဲယမ်းအများစုသည်လည်း KNU နယ်မြေအသီးသီးမှတစ်ဆင့် ပြည်တွင်းသို့ ဝင်ရောက်လာသော လက်နက်/ ခဲယမ်းများဖြစ်သည်။ အရှေ့တောင်အာရှဒေသအတွင်း စစ်အေးခေတ်နှင့် စစ်အေးလွန်ခေတ်၌ ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ၌ အားပေးအားမြှောက် ပြုလုပ်ခဲ့သည့် နိုင်ငံကြီးအချို့၏ ပဋိပက္ခ လက်ကျန်လက်နက်များဖြစ်ကြောင်း တွေ့ရှိရသည်။

တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးကို ရှေးရှု၍ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့သည့် NCA သဘောတူညီချက်များကို တိကျစွာ လေးစားလိုက်နာလျက်ရှိသည့်အပြင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကိုလည်း ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ သက်တမ်းတိုးမြှင့်ထားပြီးဖြစ်သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့်လည်း ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် အစည်းအဝေးများ၊ ဆွေးနွေးပွဲ

❖ **NCA လက်မှတ်ရေးထိုးထားသည့် လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် သဘောတူစာချုပ်ပါ ကတိကဝတ်များကို အလေးထားလိုက်နာ ဆောင်ရွက်သွားရန်နှင့် မိမိလက်အောက်ခံအဖွဲ့အစည်းများအပေါ်တွင်လည်း စာချုပ်ပါ စည်းကမ်းများ လိုက်နာစေရေး ထိန်းသိမ်းသွားရန် တိုက်တွန်း**

## ❖ နိုင်ငံတော်နှင့်ပြည်သူတို့ လိုအပ်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရာတွင် တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း တိကျစွာလိုက်နာသွားမည်

များနှင့် အခမ်းအနားများ၌ **"နိုင်ငံတော်နှင့်ပြည်သူတို့ လိုအပ်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရာတွင် တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း တိကျစွာလိုက်နာသွားမည်"** ဖြစ်ကြောင်း သဘောထားထုတ်ပြန်ပြီးဖြစ်သည်။ ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်တို့တွင်လည်း ငြိမ်းချမ်းရေးကို ဦးစားပေးလုပ်ငန်းအဖြစ် ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ တိုးမြှင့်လုပ်ဆောင်နိုင်ရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ အမျိုးသား

*စာမျက်နှာ ၉ သို့*



CRPH ၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ။





CRPH ၊ NUG နှင့် PDF အမည်ခံအကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ။





CRPH ၊ NUG နှင့် PDF အမည်ခံအကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ။





CRPH ၊ NUG နှင့် PDF အမည်ခံအကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ။

*စာမျက်နှာ ၈ မှ*

စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီများဖွဲ့စည်း၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွက် လျင်မြန်လွယ်ကူထိရောက်စွာ ဆွေးနွေးဆောင်ရွက်နိုင်သည့် လမ်းကြောင်းများ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

သို့ဖြစ်၍ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် **NCA လက်မှတ်ရေးထိုးထားသည့် လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် သဘောတူစာချုပ်ပါ ကတိကဝတ်များကို အလေးထား** လိုက်နာဆောင်ရွက်သွားရန်နှင့် **မိမိလက်အောက်ခံအဖွဲ့အစည်းများအပေါ်တွင်လည်း စာချုပ်ပါစည်းကမ်းများ လိုက်နာစေရေး ထိန်းသိမ်းသွားရန် တိုက်တွန်း**ကြောင်းနှင့် စာချုပ်ပါစည်းကမ်းများကို ကျူးလွန်ချိုးဖောက်မှုများနှင့်ပတ်သက်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးဆိုင်ရာဆောင်ရွက်ချက်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**



CRPH ၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် ဖောက်ခွဲရေးပစ္စည်းများ။





CRPH ၊ NUG နှင့် PDF အမည်ခံအကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ။

❒ *ကျောဖုံးမှ*

**သဘောတူစာချုပ် (NCA)ပါအတိုင်း တိကျစွာလိုက်နာသွားမည်"** ဖြစ်ကြောင်း သဘောထားထုတ်ပြန်ပြီးဖြစ်သည်။ ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်တို့တွင်လည်း ငြိမ်းချမ်းရေးကို ဦးစားပေးလုပ်ငန်းအဖြစ်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိသော်လည်း အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေကို အခွင့်ကောင်းယူကာ NCA သဘောတူညီချက်များအား လက်တစ်လုံးခြားပြုလုပ်ကာ နည်းမျိုးစုံဖြင့် ချိုးဖောက်လျက်ရှိကြောင်း တွေ့ရှိရသည်။

၂၀၂၁ ခုနှစ် မတ်လ ၂၇ ရက်တွင် KNU တပ်မဟာ ၅ မှ ဘောကျော်ဟဲဦးစီး သာလွန်အင်အားဖြင့် ကရင်ပြည်နယ် သံလွင်မြစ်အနီးရှိ တပ်မတော်မှ စစ်ဆင်ရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်ယူထားသည့် ထီးမူထစခန်းအား အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် အရာရှိ/စစ်သည်အချို့ ကျဆုံးဒဏ်ရာရရှိခဲ့သလို ဧပြီလ၂၇၊၂၈ ရက် နှင့် ဇွန်လ ၃ ရက်တို့တွင်လည်း တပ်မတော်မှ စစ်ကြောင်းတစ်ကြောင်း တာဝန်ယူထားသည့် ဒါးကွင်းစခန်းအား KNU တပ်မဟာ ၅ မှ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သော်လည်း အကျအဆုံးများစွာဖြင့် ပြန်လည်ဆုတ်ခွာသွားခဲ့သည်။ ထို့အပြင် ဒီဇင်ဘာလ ၁၇ ရက်တွင် KNU တပ်မဟာ(၁)အင်အားစုအချို့က ကျသောင်းဆိပ်စခန်းအား ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် စခန်းအား ယာယီစွန့်ခွာပေးခဲ့ရပြီး အရာရှိ/ စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သော်လည်း စခန်းအား တပ်မတော်စစ်ကြောင်းမှ ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ အလားတူ KNU တပ်မဟာ(၁/၅)မှ အင်အားအချို့အနေဖြင့် ဖာပွန်မြို့နယ်ရှိ ဒေသခံပြည်သူများနှင့် အစိုးရဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကုသဆေးဝါးများ ဖာပွန်မြို့သို့ပေးပို့မှုအပေါ် နည်းလမ်းမျိုးစုံဖြင့် မိုင်းထောင်ဖောက်ခွဲ၊ ချောင်းမြောင်းပစ်ခတ်မှုမျိုးစုံဖြင့် တားဆီးသဖြင့် ဒေသခံပြည်သူများ၊ အစိုးရဝန်ထမ်းများအတွက် ကာကွယ်ဆေးအမြန်ဆုံးရောက်ရှိရန် တပ်မတော်စစ်ကြောင်းများက လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

KNUအဖွဲ့ထဲမှ အချို့တပ်မဟာများနှင့် တပ်ရင်းတပ်ဖွဲ့များအနေဖြင့် နိုင်ငံအနှံ့အပြားတွင် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား လူသားချင်းစာနာထောက်ထားမှု ခေါင်းစဉ်အောက်တွင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ပြောင်ပြောင်တင်းတင်းဝင်ရောက်စွက်ဖက်လိုသည့် နိုင်ငံကြီးအချို့နှင့် အကြမ်းဖက်မှုကို လျစ်လျူရှုလျက် အားပေးထောက်ခံမှုပြုနေသည့် NGO၊ INGO အဖွဲ့အစည်းအချို့ထံမှ နည်းမျိုးစုံအကြောင်းပြချက်ဖြင့် ထောက်ပံ့ကြေးများရယူကာ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးခြင်း၊ လက်နက်/ ခဲယမ်းများကို လမ်းကြောင်းအမျိုးမျိုး၊ နည်းအမျိုးမျိုးတို့ဖြင့် ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ခဲ့သည်ကိုလည်း ဖမ်းဆီးရမိသူများ၊ ဖော်ထုတ်ရမိသူများနှင့် အကြမ်းဖက်လုပ်ရပ်ကို စက်ဆုပ်ရွံရှာပြီး သေနတ်သံ၊ ဗုံးသံ တိတ်ဆိတ်နေသည့် မိမိတို့ဒေသအား သေနတ်သံ၊ ဗုံးသံများ ပြန်လည်ဖြစ်ပေါ်အောင်၊ မိမိတို့၏နေအိမ်များမှ ထွက်ပြေးရအောင် အကြမ်းဖက်လုပ်ဆောင်နေမှုများကို မလိုလားကြသည့် ဒေသခံပြည်သူအများစု၏ သတင်းပေးမှုမှ တစ်ဆင့်ဖော်ထုတ် သိရှိရသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် မှ ယနေ့အထိ မြို့ကြီးအချို့တွင် အကြမ်းဖက်မှု ၃၇၅၁ ကြိမ်ရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းသိမ်းခဲ့ရမှုအနေဖြင့် အကြမ်းဖက်သူ ၁၄၉၂ ဦး၊ လက်နက်မျိုးစုံ ၁၃၃ လက်၊ ခဲယမ်းမျိုးစုံ ၁၆၉၃ တောင့်၊ လက်ပစ်ဗုံး ၂၈ လုံး၊ လက်လုပ်မိုင်း ၂၁၇ လုံးနှင့် အခြားဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။ ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှုများမရှိစေရေးအတွက် ရှာဖွေဖော်ထုတ်မှုများ

*စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၉ မှ*

ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သူ ၉၉၅၈ ဦး၊ လက်နက်မျိုးစုံ ၃၄၁၇ လက်၊ ခဲယမ်းမျိုးစုံ ၁၆၁၅၀၀ တောင့်၊ လက်ပစ်ဗုံး ၆၄၇ လုံး၊ လက်လုပ်မိုင်း ၆၈၉၅ လုံးနှင့် အခြားဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများကို အချိန်မီ ဖော်ထုတ်တားဆီးထိန်းသိမ်းနိုင်ခဲ့သည်။


အကြမ်းဖက်သမားတို့၏ ရန်ကုန်မြို့နှင့် အခြားမြို့ကြီးများတွင် ဖြစ်ပေါ်ခဲ့သည့် အချို့သော အကြမ်းဖက်လုပ်ရပ်များနှင့် သတင်းအား ဖော်ထုတ်ဖမ်းဆီးရမိချိန် ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိသည့် လက်နက်/ ခဲယမ်းများသည် ကရင်ပြည်နယ်၊ လေးကေ့ကော်မြို့သစ်ရှိ အကြမ်းဖက်သမားများအနေဖြင့် ၎င်းမြို့သစ်မှတစ်ဆင့် ရန်ကုန်၊ ပဲခူး၊ မော်လမြိုင်နှင့် တောင်ငူ၊ ပြည် စသည့်မြို့ကြီးများသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ အလစ်အငိုက်နည်းမျိုးစုံဖြင့် သယ်ဆောင်ခြင်း၊ ပို့ဆောင်ခြင်းများ ပြုခဲ့ကြကြောင်း တွေ့ရှိရသည်။

တပ်မတော်အနေဖြင့် KNU တပ်မဟာ(၅)၏ ထီးမူထစခန်းဖြစ်စဉ်မှ စတင်၍ လေးကေ့ကော်မြို့သစ် တိုက်ပွဲဖြစ်စဉ် မတိုင်မီအချိန်ထိ KNU/ KNLA တာဝန်ရှိသူများထံ NCA သဘောတူညီချက်များကို ထိန်းသိမ်းလိုက်နာရန်နှင့် လက်အောက်ခံအဖွဲ့များကို ထိန်းသိမ်းကြပ်မတ်ပေးရန် ညှိနှိုင်းပြောဆိုမှုများကိုလည်း အကြိမ်ပေါင်းများစွာ တရားဝင်/ ရင်းနှီးမှုသဘောတို့ဖြင့် ဆောင်ရွက်ခဲ့သည်။ အခြားသတင်းများအရလည်း KNU အဖွဲ့အတွင်း ပြုလုပ်ခဲ့သည့် ပုံမှန်အစည်းအဝေးများ၊ အရေးပေါ်အစည်းအဝေးများ၌လည်း NCA လမ်းကြောင်းမှ သွေဖည်၍ ပြည်ပမှ ငွေကြေးနှင့် ထောက်ပံ့မှုရယူပြီး ငြိမ်းချမ်းနေသည့် ကရင်ပြည်နယ်အတွင်း ပဋိပက္ခစစ်မီးများ ပြန်လည်တောက်လောင်အောင် ပြုလုပ်လိုသည့် ခေါင်းဆောင်ပိုင်းအချို့မှ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အုပ်စုအား နောက်ကွယ်မှ အားပေးအားမြှောက်ပြုလုပ်၍ တည်ဆဲအစိုးရအား အကျပ်အတည်းဖြစ်စေရေး ရည်ရွယ်လုပ်ဆောင်ရေး တိုက်တွန်းမှုများလည်းရှိကြောင်း သိရှိရသည်။

### စစ်ရေးပဋိပက္ခဖြစ်လာစေရေး ရည်မှန်းလုပ်ဆောင်

ဖေဖော်ဝါရီလ ၁ ရက်တွင် တပ်မတော်က နိုင်ငံတော်တာဝန်အရပ်ရပ်အား မလွှဲမရှောင်သာ တာဝန်ယူထိန်းသိမ်းပြီးချိန်နောက်ပိုင်း နိုင်ငံ၏ အချို့မြို့များတွင် ဖြစ်ပေါ်ခဲ့သည့် NLD အစွန်းရောက်တို့၏ ဆူပူအကြမ်းဖက်ဆန္ဒပြမှုများ၏ နောက်ဆက်တွဲအဖြစ် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်ထွက်ပြေးတိမ်းရှောင်လာသူများကို လူသားချင်း စာနာထောက်ထားမှုအကြောင်းအရာအောက်၌ လက်ခံထိန်းသိမ်းပြီး အဆိုပါတိမ်းရှောင်အုပ်စုတို့ကို အကြောင်းပြု၍ ပြည်ပနိုင်ငံကြီးအချို့၏ ငွေကြေးထောက်ပံ့မှုကို မျှော်ကိုးရယူကာ နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းရေးအထိ စစ်ရေးပဋိပက္ခဖြစ်လာစေရေး ရည်မှန်းလုပ်ဆောင်လာခဲ့သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးကို ရှေးရှု၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ (NSPNC) မှ တစ်ဆင့် ငြိမ်းချမ်းရေးကို ထိန်းသိမ်းရန်၊ ဒေသတည်ငြိမ်ရေးကို အလေးထားရန်၊ အကြမ်းဖက်လုပ်ရပ်များကို ရပ်တန့်၍ အကြမ်းဖက်သမားများကို လက်ခံခြင်းမပြုရန် KNU တာဝန်ရှိသူများထံ အကြိမ်ကြိမ် အကြောင်းကြားညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့သည်။ တပ်မတော်၊ EAOs များနှင့် သက်ဆိုင်သည့် ဌာနကြီးများမှလည်း အကြိမ်ကြိမ် သတိပေးအကြောင်းကြားမှုများ ပြုလုပ်ခဲ့သည်။

### လေးကေ့ကော်မြို့သစ်ဝန်းကျင်တစ်ဝိုက် အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားသည့် ဖြစ်စဉ်နေရာပြပုံ




### အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးသွားမည်

သို့သော် KNU တပ်မဟာအချို့နှင့် ခေါင်းဆောင်ငယ်အချို့အနေဖြင့် ညှိနှိုင်းမှုများကို လျစ်လျူရှု၍ ငြိမ်းချမ်းရေးရလဒ်၏ ပြယုဂ်တစ်ခုဖြစ်သော လေးကေ့ကော်မြို့သစ်ကို အသုံးချပြီး PDF အမည်ခံ အကြမ်းဖက်သမားများကို လက်ခံလျက် အကြမ်းဖက်နှင့် ဖောက်ခွဲရေးသင်ခန်းစာများ လေ့ကျင့်ပေးခြင်းနှင့် နိုင်ငံအနှံ့အပြား အကြမ်းဖက်လုပ်ရပ်များအတွက် ထောက်ပံ့အားပေးခြင်းများ ဆောင်ရွက်လာသဖြင့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးသွားမည်ဖြစ်ကြောင်း KNU/KNLA တာဝန်ရှိသူများထံ ကြိုတင်အသိပေးပြီး လုံခြုံရေးတပ်ဖွဲ့များက ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် လေးကေ့ကော်မြို့သစ်အတွင်း ဥပဒေနှင့်အညီ ရှာဖွေစစ်ဆေးခြင်းဆောင်ရွက်ခဲ့ရာ အကြမ်းဖက် NUG အမည်ခံအဖွဲ့မှ လွှတ်တော်ကိုယ်စားလှယ်ဟောင်း ၂ ဦးအပါအဝင် PDF နှင့် CDM ပြုလုပ်ထားသူ ၂၁ ဦးအား လက်နက်မျိုးစုံ ၇ လက်နှင့် အတူ ဖမ်းဆီးရမိခဲ့ပါသည်။ ဒီဇင်ဘာ ၁၅ ရက်တွင်လည်း ဖော်ထုတ်ဖမ်းဆီးနေစဉ် KNU/KNLA အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားပြီး NCA ကို ဖျက်ဆီးစေလိုသည့် ခေါင်းဆောင်တချို့ပါဝင်သော KNU တပ်ဖွဲ့ဝင်အချို့၊ NUG ၊PDF အမည်ခံ အကြမ်းဖက်သမားများက စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်မှ အရာရှိ၊ စစ်သည်များ အပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံး၊ ဒဏ်ရာရရှိခဲ့ပြီး တချို့မှာ ဖမ်းဆီးခံခဲ့ရသည်။

ထို့ကြောင့် မိမိကိုယ်မိမိ ခုခံကာကွယ်ရန်အလို့ငှာ တပ်မတော်အနေဖြင့် အကန့်အသတ်ဖြင့် အနည်းဆုံးအင်အားကို အသုံးပြု၍ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်မှစ၍ KNU တပ်ခေါင်းဆောင်တချို့နှင့် တပ်ဖွဲ့တချို့၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား ချေမှုန်းတိုက်ခိုက်ခဲ့ရာ အထက်ပါ အကြမ်းဖက်အုပ်စုများမှလည်း အင်အားများပြားစွာစုစည်းလျက် မိမိတပ်မတော်စစ်ကြောင်းများအား နေ့/ည ဝိုင်းဝန်းပိတ်ဆို့လျက် တန်ပြန်တိုက်ခိုက်လာသဖြင့် တိုက်ပွဲများ ပြင်းထန်လာခဲ့သည်။

### တိုက်ပွဲပေါင်း ၂၅ ကြိမ်ဖြစ်ပွားခဲ့

ထို့ကြောင့် တပ်မတော်အနေဖြင့် ထုတ်ပြန်ထားသည့် Rule of Engagement အတိုင်း ROE နှင့်အညီ လိုအပ်သည့်အင်အား ထပ်မံဖြည့်တင်းပြီး လေကြောင်းပစ်ကူ၊ အမြောက်ပစ်ကူရယူ၍ ရန်သူပစ်မှတ်၊ စခန်းများအား ချေမှုန်းတိုက်ခိုက်မှုများကြောင့် တိုက်ပွဲပေါင်း ၂၅ ကြိမ်ဖြစ်ပွားခဲ့ပြီး ဒီဇင်ဘာလ ၂၈ ရက်တွင် လေးကေ့ကော်မြို့သစ်မှလွဲ၍ ကျန်အကြမ်းဖက်သမားများခိုအောင်းခဲ့သည့် ထီးမယ်ဝါးခီး၊ မယ်ထော်သလေး၊ အင်ကြင်းမြိုင်၊ မင်းလက်ပံနှင့် ဖလူးကျေးရွာ စသည့်နေရာများအား ဖော်ထုတ်ဖမ်းဆီးထိန်းချုပ်နိုင်ခဲ့ပြီးဖြစ်ပါသည်။ တိုက်ပွဲဖြစ်စဉ်များတွင် အကြမ်းဖက်သမားသောင်းကျန်းသူများထံမှ အလောင်းတချို့နှင့် လက်နက်မျိုးစုံ ၁၉ လက်နှင့် ခဲယမ်းများ၊ ပြုလုပ်ဆဲ လက်လုပ်သေနတ်များ သိမ်းဆည်းရရှိခဲ့သည်။

အဆိုပါတိုက်ပွဲများကြောင့် အပြစ်မဲ့ပြည်သူလူထုများ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေကြောင်း သိရှိရ၍ အပြစ်မဲ့ပြည်သူများ မိမိနေထိုင်ရာ ကျေးရွာများသို့ အမြန်ဆုံး ပြန်လည်အခြေချနေထိုင်နိုင်ရန်အတွက်လည်း ထိုင်း-မြန်မာနယ်ခြားကော်မတီများမှ ညှိနှိုင်းဆောင်ရွက်ရန်စီစဉ်လျက်ရှိကြောင်း သိရှိရပါသည်။

တပ်မတော်အနေဖြင့် အရေးပေါ်ကာလအတွင်း ထာဝရငြိမ်းချမ်းရေးအတွက် အရေးကြီးလုပ်ငန်းတစ်ရပ်အဖြစ် ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး NCA ပါ သဘောတူညီချက်များကိုလည်း အလေးထား လိုက်နာဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထု အသက်အိုးအိမ်စည်းစိမ်အတွက် လိုအပ်သော လုံခြုံရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကရင်ပြည်နယ်နှင့် နိုင်ငံအဝှမ်း ငြိမ်းချမ်းရေးကို လိုလားသည့် တိုင်းရင်းသားပြည်သူလူထုအနေဖြင့်လည်း ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းသတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**









CRPH ၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ။

# (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၀**
၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ တွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ် -၁၉ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ စိန်ရတု ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင်၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အောင်မြင်စွာ ကျင်းပ**

ရှေးဦးစွာ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီမှချမှတ်ထားသော မူဝါဒများ၊ လမ်းညွှန်ချက်များ လိုက်နာဆောင်ရွက်ရန်နှင့် စိန်ရတု ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်နှင့်အညီ ဆောင်ရွက်ကြရန် မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က စိန်ရတုပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များ၊ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ဆပ်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များက ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။



**စနစ်တကျ ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်က (၇၅)နှစ်မြောက်စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအသီးသီးတို့က မိမိတို့ဆပ်ကော်မတီအလိုက် တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများကို လိုအပ်ချက်မရှိရန် စနစ်တကျ ပေါင်းစပ်ညှိနှိုင်းကာ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးသန့်စင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စွမ်းအင်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၃၀**
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်သည် ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)၊ ပင်မသိုလှောင်ဖြန့်ဖြူးရေးဌာန (ရန်ကုန်)၊ သာကေတ ကမ်းလွန်အခြေစိုက်စခန်းနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ အောက်မြန်မာပြည်ရုံးခွဲ(စိမ်းလဲ့မေ)တို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)၌ စက်ဆီ/ချောဆီရောစပ် စက်ရုံ၊ ရေလုံသဘော်ာကျင်းရုံးအဆောက်အဦ၊



ဩည့်ရိပ်သာနှင့် သုတေသနနှင့်အမျိုးအစားစစ်ဆေးရေးဌာနဓာတ်ခွဲခန်းများသို့ ကြည့်ရှုစစ်ဆေးသည်။

**လိုအပ်သလို စစ်ဆေးပြုပြင်**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ သိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(ရန်ကုန်)နှင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ဒုတိယစစ်ဆေးရေးအရာရှိချုပ်ရုံး (အောက်မြန်မာပြည်)တို့ကို ကြည့်ရှုစစ်ဆေးပြီး ရုံးအဆောက်အဦအတွင်းရှိ ရုံးခန်းများသန့်ရှင်းစေရေး၊ ဝိုင်ယာကြိုးများ စနစ်တကျထားရှိနိုင်ရေး လိုအပ်သလို စစ်ဆေးပြုပြင်ဆောင်ရွက်ရန်၊ လေးထပ်ရုံးအဆောက်အဦ၊ ခြံစည်းရိုးနှင့် မျက်နှာစာတို့ ဆေးသုတ်ရန်၊ ပြုပြင်ထိန်းသိမ်းရေး၊ ရုံးအတွင်းနှင့် ရုံးအပြင်ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ် သာယာလှပစေရေးအတွက် စီမံဆောင်ရွက်ရန်၊ သန်လျက်စွန်းလမ်းမကြီးဘေးရှိ ရုံးအဆောက်အဦ၊ အရာထမ်း၊ အမှုထမ်းအိမ်ခန်းများ၊ ခြံစည်းရိုး များ၊ ခြံစည်းရိုးနှင့် ကားလမ်းမကြီးအကြား အမြင်တင့်တယ်စေရေး၊ သန့်ရှင်းသပ်ရပ်သာယာလှပစေရေး ဆောင်ရွက်ရန် မှာကြားသည်။

**တိုးချဲ့တည်ဆောက်**

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကြီးကြပ်မှုအောက်ရှိ ကမ်းလွန်အခြေစိုက်စခန်း(သာကေတ)နှင့် အောက်မြန်မာပြည်ရုံးခွဲ (စိမ်းလဲ့မေ)တို့ကို ကြည့်ရှုစစ်ဆေးရာ အထွေထွေမန်နေဂျာက သာကေတ ရေလုံသဘော်ာကျင်းတိုးချဲ့တည်ဆောက်မည့် အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှုတို့အား ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ရေလုံသဘော်ာကျင်းတိုးချဲ့တည်ဆောက်မည့်မြေနေရာအား ရှင်းလင်းထားရန်နှင့် စက်ပြင်အလုပ်ရုံအတွင်း နေ့စဉ်၊ အပတ်စဉ် ရှင်းနိုင်သမျှ ရှင်းလင်းဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန်၊ အောက်မြန်မာပြည်ရုံးခွဲ(စိမ်းလဲ့မေ)ရုံးအတွင်းရှိ Data Center Room များအား သတ်မှတ်ထားသည့် နေရာအကျယ်အဝန်း၊ စံချိန်စံညွှန်းနှင့်ကိုက်ညီစွာ သိမ်းဆည်းအသုံးပြုနိုင်ရေးအတွက် အစီအမံနှင့် layout plan အား ရေးဆွဲတင်ပြရန် မှာကြားပြီး ရုံးဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမျိုးလှိုင် အခြေခံကွန်ပျူတာသင်တန်းအမှတ်စဉ်(၁/၂၀၂၁)သင်တန်းဆင်းပွဲ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၃၀**
ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်စေရန်၊ ကွန်ပျူတာကို စနစ်တကျ နားလည်တတ်ကျွမ်းစွာ ကိုင်တွယ်အသုံးပြုနိုင်စေရန်နှင့် ကွန်ပျူတာနှင့်ပတ်သက်သည့် ဗဟုသုတများ ပိုမိုသိရှိနားလည်နိုင်စေရန် ရည်ရွယ်၍ **“အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် (၁/၂၀၂၁)သင်တန်းဆင်းပွဲအခမ်းအနား”** ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ (Multipurpose Hall) ၌ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက သင်တန်းသားများကိုယ်စား သင်တန်းသား၊ သင်တန်းသူ နှစ်ဦးကို သင်တန်းဆင်းလက်မှတ် ပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းတွင် သင်ခန်းစာများအား သင်ကြားပို့ချပေးခဲ့သည့် သင်တန်းနည်းပြဆရာ၊ ဆရာမ သုံးဦးအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ၂၀၂၂ ခုနှစ် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ဆက်လက်ကျင်းပလျက်ရှိသော လွန်ဆွဲ (အမျိုးသား)ပြိုင်ပွဲ ပွဲစဉ်များအဖြစ် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# Institute of Animal Husbandry & Veterinary Science - 1985 BVS (၃၆)နှစ်မြောက် အထူးထုတ်မဂ္ဂဇင်းထုတ်ဝေ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

Institute of Animal Husbandry & Veterinary Science – 1985 BVS (၃၆)နှစ်မြောက် အထူးထုတ် မဂ္ဂဇင်း ထုတ်ဝေလိုက်ပြီဖြစ်သည်။


အဆိုပါ မဂ္ဂဇင်းစာအုပ်တွင် (၃၆) နှစ်မြောက် ဂုဏ်ပြုကဗျာကဏ္ဍ၌ ကြည်မင်း ၏ လေးဆယ်ဝင်လွမ်းချင်း ကဗျာအပါအဝင် ညီထွေးညို၊ မောင်စိုးထွန်း၊ မောင်ညမျှော်(ကနောင်)နှင့် ဗိုလ်မှူး တို့၏ ကဗျာများ ပါဝင်သည်။


ထို့အတူ အမှတ်တရ ဆောင်းပါးကဏ္ဍတွင် စိုင်းစံအိုက်၏ ၇၆ ၏ အတွေးမျှင်၊ ပါမောက္ခ ဒေါက်တာမာမာကြည်၏ ကျောက်သွေးသမားများ၊ စန္ဒာ(ပဲခူး)၏ မွေးဆေးကျောင်းသူလှပျိုဖြူ မောင်စိုးထွန်း၏ ဆေးပညာမှသည် နိဗ္ဗာန်ဆီသို့ လင်းလင်း၏ ဟိုတုန်းက အမှတ်တရများနဲ့ ခုချိန်ခါ အစရှိသည့် ဆောင်းပါးများအပြင် ကြည်(ရန်ကုန်)၏ ရင်တွင်း၌ ဖြစ်တည်သော၊ မဆွေ၏ ကိုယ်ရံတော်တပ်မှူးကြီး၊ မိုးကိုကိုမောင်၏ အသက်ကယ်သည့် အလှူ၊ ကြွေရွက်(ချင်းတောင်ခြေ)၏ မမေ့ချင်တဲ့ကဗျာများ အစရှိသည့် ကဗျာဆရာ ငါးဦး၏ ကဗျာစာပေမွန်များကို ဖတ်ရှုလေ့လာနိုင်ကြမည်ဖြစ်သည်။

English Section ကဏ္ဍတွင် Kyi Min ၊ Khin San Maw၊ Tint Naing 84 ၊ May Win Lwin တို့၏ လက်ရာမွန်များနှင့်အတူ ဝတ္ထုရှည်ကဏ္ဍတွင် တမာမြေ မိုးမင်းဝင်း၏ မိုးအဆုံးမြေအထဲ သူ့ကိုပဲ အချစ်ဆုံးပါ၊ ကြည်ဇင်နှင်း၏ ပြေးလမ်းထဲက သက်လုံ၊ ချစ်ဝေး(ရောမြစ်ဝှမ်း)၏ အပျံသင်စ ငှက်တစ်ကောင်၏ စွန့်စားခန်းများ၊ ခင်စန်းမော်၏ မွေးမြနေဆဲ မွေးနေဆဲကွယ် စသည့်ဝတ္ထုရှည်များကို ဖတ်ရှုခံစားနိုင်မည်ဖြစ်သည်။

"၁၉၈၅ တွင် ဘွဲ့ရခဲ့သောအတန်းနှင့် ကျွန်တော်က အတော်ကြီးရေစက်ရှိ (အရပ်ပြောပြောရလျှင် ပဋ္ဌာန်းဆက်ရှိ) သည်ဟု ဆိုရမည်လားမသိပေ။ သူတို့ကျောင်းကို တတိယနှစ်ကျောင်းသားများ အဖြစ်ဝင်လာချိန်တွင် မွေးမြူရေးပညာဌာနမှ မွေးမြူရေးလက်တွေ့စီမံချက် (မြန်မာ Vet သမိုင်းတွင် ပထမဆုံး ကျောင်းသား Project ) စတင်သည်နှင့် ဆုံရသည်။

"၁၉၈၃ မေလတွင် သူတို့ရော ကျွန်တော်ပါ ရေဆင်းပြောင်းကြရသည်။ ရေဆင်းက မိသားစုကြီး တစ်စု။ ဆရာနှင့် ကျောင်းသူကျောင်းသားတို့ မရှိအတူ ရှိအတူနေထိုင်ကြရင်း အပြန်အလှန် ဖေးကူကြသည့် နယ်မြေ။ ဤနယ်မြေတွင် ဆရာနှင့် တပည့်များ ထွေးရောယှက်တင် နေထိုင်ကြသည်မှာ မဆန်း။ အနုပညာကိစ္စများတွင်သာမက အားကစား ကိစ္စများတွင်ပါ တာဝန်ယူရသူမို့ ကျွန်တော်က သူတို့နှင့် ပိုရင်းနှီးသည်" ဟု ပါမောက္ခဆရာကြီး ဒေါက်တာမောင်မောင်စံက 1985 BVS တို့နှင့် ပတ်သက်၍ ၎င်း၏ ဥယျောဇဉ်တွင် အမှတ်တရ စကားဆိုသည်။




ယင်းစာအုပ်တွင် ကဗျာ၊ ကာတွန်း၊ ဓာတ်ပုံမှတ်တမ်း၊ အမှတ်တရဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်ကဏ္ဍများအပါအဝင် English Section ကိုပါ စုံစုံလင်လင်ဖတ်ရှုနိုင်မည့် 1985 BVS တို့၏ လှုပ်ရှားမှု ပုံရိပ်များစွာပါဝင်သည့် အမှတ်တရ မဂ္ဂဇင်းစာအုပ် တစ်အုပ်ဖြစ်သည်။ ထို့ပြင် ယခုထုတ်ဝေသည့် မဂ္ဂဇင်းသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ထုတ်ဝေခြင်းမဟုတ်ဘဲ တိရစ္ဆာန်ဆေးကုဆရာဝန် လောက၏ ပထမဆုံးအဖြစ်ထုတ်ဝေသည့် "အတန်းမဂ္ဂဇင်း" စာအုပ်ဖြစ်ပြီး စာမူရှင်တို့၏ အကြောင်းအရာအမျိုးမျိုး၊ ဘဝအတွေ့အကြုံအဖုံဖုံကို လေ့လာသိရှိခံစားနိုင်ကြမည်ဖြစ်သည်။

အဆိုပါ မဂ္ဂဇင်းစာအုပ်ကို ဝယ်ယူလိုပါက ဒေါက်တာခင်စန်းမော်၊ ဖုန်း – ၀၉ ၅၁၁၈၀၅၂ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

မြန်မာ့အလင်း




## တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအတွက် အမေရိကန်ဒေါ်လာ သုံးသိန်း လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၃၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင် အား ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက လတ်တလောတွင် မဲခေါင်-လန်ချန်း အစီအစဉ်၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ရှမ်းပြည်နယ်အတွင်း မြို့နယ်ငါးခု၌ ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံနှင့် သဘာဝဘေး အသိပညာပေးစင်တာများ တည်ဆောက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝဘေးကို ကြံ့ကြံ့ခံ ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသည့် လူ့အသိုက်အဝန်းဖြစ်ပေါ်စေရေး လူမှုကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှေ့လုပ်ငန်းစဉ်များတွင်လည်း နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး၊ လူမှုသဟဇာတဖြစ်ရေးလုပ်ငန်းများ၊ နေပြည်တော်တွင် လူမှုရေးပညာတက္ကသိုလ် တည်ထောင်ဖွင့်လှစ်နိုင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အရင်းအမြစ်ဗဟိုဌာန တည်ထောင်ဖွင့်လှစ်နိုင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သံအမတ်ကြီး မစ္စတာ ချန်းဟိုင်က တရုတ်နိုင်ငံအစိုးရကိုယ်စား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအတွက် အမေရိကန်ဒေါ်လာ သုံးသိန်း လွှဲပြောင်းပေးအပ်လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ ယခုလှူဒါန်းမှုသည် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖော်ဆောင်မှုများအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ တစ်သန်း လှူဒါန်းမှု၏ အစိတ်အပိုင်းဖြစ်ပြီး ယခုအကြိမ်သည် (၆)ကြိမ်မြောက်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးက လွှဲပြောင်းပေးအပ်လှူဒါန်းသော အမေရိကန်ဒေါ်လာ သုံးသိန်းအား ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

သတင်းစဉ်

## ကရင်ပြည်နယ် လေးကေ့ကော်ဒေသရှိ ကျေးရွာများမှပြည်သူများ ၎င်းတို့နေရပ်သို့ ပြန်လည်ဝင်ရောက်၊ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ကရင်ပြည်နယ် လေးကေ့ကော် မြို့သစ်တစ်ဝိုက် ရောက်ရှိနေသည့် NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများကို လုံခြုံရေး တပ်ဖွဲ့ဝင်များက ဖော်ထုတ်ဖမ်းဆီးခဲ့ရာမှ စတင်၍ KNU/ KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားပြီး NCA ကို ပျက်စီးစေလိုသည့် ခေါင်းဆောင်အချို့ ပါဝင်သော အဖွဲ့၊ NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ဒီဇင်ဘာ ၁၅ ရက်မှစတင်၍ ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အဆိုပါဒေသမှ အပြစ်မဲ့ပြည်သူများ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။

အဆိုပါ ဒေသတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၂၈ ရက်မှစ၍ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသတည်ငြိမ်အေးချမ်းမှုရှိသည့်အတွက် တစ်ဖက်နိုင်ငံသို့ ထွက်ပြေး တိမ်းရှောင်နေသည့် အပြစ်မဲ့ပြည်သူများ ပြန်လည်နေထိုင်နိုင်ရေးအတွက် အသံချဲ့စက်များဖြင့် ကရင်ဘာသာ၊ မြန်မာ ဘာသာစကားများဖြင့် ပြန်လည်ဖိတ်ခေါ်ခြင်း၊ ထိုင်း-မြန်မာ နယ်ခြားကော်မတီများမှ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ခြင်းများကြောင့် ထွက်ပြေးတိမ်းရှောင်နေသူများ အနက်မှ ဒီဇင်ဘာ ၂၉ ရက်နှင့် ယနေ့တို့တွင် အင်ကြင်းမြိုင်၊ မင်းလက်ပံ၊ မယ်ထော်သလေးနှင့် မေတ္တာလင်းမြိုင် ကျေးရွာတို့တွင်နေထိုင်သူ အမျိုးသား ၂၀၇၆ ဦး၊ အမျိုးသမီး ၂၃၁၂ ဦး စုစုပေါင်း ၄၃၈၈ ဦးတို့သည် ၎င်းတို့နေရပ်သို့အသီးသီး ပြန်လည်ဝင်ရောက်လာကြောင်း သိရှိရသည်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက စနစ်တကျ လက်ခံခဲ့ပြီး ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေး ဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များနှင့် အခြားလိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀) ၌ ၂၀၂၀-၂၀၂၁ ပညာသင်နှစ် အကူသူနာပြု(ပြင်ပ) ကိုးလသင်တန်း သင်တန်းဆင်းပွဲကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၃၀**

နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀) အစည်းအဝေးခန်းမဆောင်-၂ ၌ ၂၀၂၀-၂၀၂၁ ပညာသင်နှစ် အကူသူနာပြု(ပြင်ပ) ကိုးလ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) ဆေးရုံအုပ်ကြီး၊ ပါမောက္ခများ၊ သူနာပြုအုပ်ကြီး၊ သူနာပြုအုပ်များ၊ သင်ကြားရေးအဖွဲ့ဝင်များ၊ အဖွဲ့ဝင်များနှင့် သင်တန်းဆင်း အကူသူနာပြုများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)မှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဆန်းလွင်ဦးက အမှာစကား ပြောကြားပြီး ပါမောက္ခ ဒေါက်တာ ကျော်စွာ (ခွဲစိတ်)က သင်တန်းကြီးကြပ်ရေးအဖွဲ့ကိုယ်စား သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ထို့နောက် သင်တန်းသင်ကြားရေးအဖွဲ့ တာဝန်ခံ သူနာပြုအုပ်ကြီး ဒေါ်စောရွှေက အမှာစကား ပြောကြားပြီး ဆုရရှိသူ သင်တန်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အကူသူနာပြု သင်တန်းဆင်း ကျောင်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြဝတီကုန်သွယ်ရေးဇုန်မှ ကုမ္ပဏီတစ်ခု၊ ယာဉ်တစ်စီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ်တစ်စီး တန် ၂၀ တို့ကို တင်သွင်းခဲ့ကြောင်း သိရသည်။ အောက်ဆီဂျင် (အရည်) Bowser ယာဉ်တစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရသည်။


ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၂၉ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၁၄ ဦး၊ အမျိုးသမီး ၈၂ ဦး စုစုပေါင်း ၁၉၆ ဦး၊ ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား လေးဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၁၁ ဦးနှင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား နှစ်ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း သုံးဦးတို့ကို လည်းကောင်း၊ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၀၆ ဦး၊ အမျိုးသမီး ၇၀ စုစုပေါင်း ၁၇၆ ဦးတို့ကို လည်းကောင်း လက်ခံခဲ့ကြသည်။



ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့်အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။ (ဓာတ်ပုံ)

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်သမားများက အခြေခံပညာကျောင်းများကို လက်ပစ်ဗုံး၊ လက်လုပ်ဗုံးများဖြင့် ပစ်ပေါက်ဖောက်ခွဲ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်သော ပြည်သူလူထုများနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နေသော အုပ်ချုပ်ရေးတာဝန်ရှိသူများအား ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များအား ငွေကြေးထောက်ပံ့ကာ နောက်ကွယ်မှ သွေးထိုးမြှောက်ပင့်လှုံ့ဆော်မှုများဖြင့် အများပြည်သူသွားလာနေသော လမ်းမကြီးများ၊ လမ်းများနှင့် ဌာနဆိုင်ရာရုံးများအား လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများထောင်ကာ ဖောက်ခွဲခြင်း၊ ပစ်ပေါက်ခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိသည့်အပြင် အနာဂတ်လူငယ်၊ လူရွယ်များ ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသော စာသင်ကျောင်းများကိုလည်း မိုင်းထောင်ဖောက်ခွဲခြင်းများ၊ လက်ပစ်ဗုံးများဖြင့် ပစ်ပေါက်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ပေါက္ကားကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီ ၃၅ မိနစ်ခန့်တွင် အကြမ်းဖက်သူ အမျိုးသား သုံးဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး လက်လုပ်ဗုံးနှစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့သဖြင့် လက်လုပ်ဗုံး တစ်လုံးမှာ ကျောင်းဝင်းအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ကျန်တစ်လုံးမှာ ပေါက်ကွဲခြင်းမရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ် ရှင်းလင်းခဲ့ကြောင်းနှင့် အဆောက်အအုံနှင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသည်။

အလားတူ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ကလေးမြို့နယ် အောင်ဇေယျရပ်ကွက်ရှိ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ကျောင်းခြံစည်းရိုးအုတ်တံတိုင်းနှင့် တစ်ပေခန့်အကွာ ကျောင်းဝင်းအတွင်း၌ လက်လုပ်မိုင်း တစ်လုံး ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ခြံစည်းရိုးနှင့် နှစ်ပေခန့်အကွာတွင် လက်လုပ်မိုင်း တစ်လုံးအား ထပ်မံတွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်သိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကလေးမြို့နယ်၌ လက်လုပ်မိုင်း တစ်လုံး ပေါက်ကွဲခဲ့ပြီး မပေါက်ကွဲသေးသည့် လက်လုပ်မိုင်း တစ်လုံးကို တွေ့ရစဉ်။



စစ်ကိုင်းမြို့နယ်၌ လက်လုပ်ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်ကျောင်းနှင့် မပေါက်ကွဲသည့် လက်လုပ်ဗုံး တစ်လုံးကို တွေ့ရစဉ်။

# ဒေါ်လာ ဘီလီယံ ၁၀၀ နီးပါးရှိ ပြန်လည်ထူထောင်ရေးဘတ်ဂျက် ဖိလစ်ပိုင်သမ္မတ လက်မှတ်ရေးထိုး

မနီလာ ဒီဇင်ဘာ ၃၀

**ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးသည် ကိုဗစ်-၁၉ ကပ်ရောဂါ ပြန်လည်ထူထောင်ရေးရန်ပုံငွေအတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ နီးပါးရှိ ၂၀၂၂ ခုနှစ် အမျိုးသားဘတ်ဂျက်ကို ဒီဇင်ဘာ ၃၀ ရက်က လက်မှတ်ရေးထိုးခဲ့သည်။**

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေစဉ် ကြံ့ကြံ့ခံသောအခြေအနေကို တည်ဆောက်နိုင်ရန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်နိုင်ရန်၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဆိုပါဘတ်ဂျက်ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း မနီလာရှိ မာလာကာနန် သမ္မတနန်းတော် လက်မှတ်ရေးထိုးပွဲ၌ ဒူတာတေးက ပြောကြားခဲ့သည်။

၂၀၂၂ ဘတ်ဂျက်သည် ၂၀၂၁ ဘတ်ဂျက်ထက် ၁၀ ရာခိုင်နှုန်း ပိုမိုမြင့်မားပြီး ပီဆို ၅ ဒသမ ၀၂၄ ထရီလီယံ (အမေရိကန်ဒေါ်လာ ၉၈ ဒသမ ၄၄ ဘီလီယံ) တန်ဖိုးရှိကြောင်းနှင့် ပြည်သူအားလုံး၏ ကျန်းမာရေးကို ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဒူတာတေးက ဆက်လက်ပြောကြားခဲ့သည်။ လက်ရှိကျန်းမာရေးစနစ်ကို အာမခံချက်ပေးရန် ဒူတာတေးသည် ၈၈ ဒသမ ၉ ဘီလီယံ ပီဆိုကို ကျန်းမာရေးကဏ္ဍအတွက် ခွဲဝေချထားခဲ့သည်။

ကျန်းမာရေးဝန်ထမ်းများအတွက် အကျိုးခံစားခွင့်နှင့် လစာရန်ပုံငွေထောက်ပံ့ပေးနိုင်ရန် ကျန်းမာရေးဖြန့်ကြက်အစီအစဉ်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်အတွက် ဖိလစ်ပိုင် ပီဆို ၁၇ ဘီလီယံ ခွဲဝေချထားခဲ့သည်။

၂၀၂၂ ဘတ်ဂျက်သည် ကိုဗစ်-၁၉ သက်ရောက်မှုကြောင့်ဖြစ်ပေါ်လာသော ရွှေ့ပြောင်းအလုပ်သမားများကို ထောက်ပံ့ပေးရန်နှင့် ကာကွယ်နိုင်ရန် မရှိမဖြစ် ရန်ပုံငွေလိုအပ်မှုများကိုလည်း ထောက်ပံ့ပေးသွားမည်ဖြစ်သည်။



ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေး

ဖိလစ်ပိုင်နိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါကို ၂၀၂၀ ခုနှစ်ကတည်းက ခံစားခဲ့ရသည်။ ယခုအခါတွင် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၂ ဒသမ ၈ သန်း ကျော်လွန်လာပြီဖြစ်ပြီး ၅၁၂၁၃ ဦး သေဆုံးခဲ့ပြီဖြစ်သည်။

ဆင်ဟွာ

# ဩစတြေးလျပါလီမန်အဆောက်အအုံ အရှေ့ဝင်ပေါက် မီးလောင်မှုကြောင့် ပျက်စီး

**ကင်ဘာရာ ဒီဇင်ဘာ ၃၀**

ဩစတြေးလျ ပါလီမန်အဆောက်အအုံ အရှေ့ဝင်ပေါက် ဒီဇင်ဘာ ၃၀ ရက်က မီးလောင်မှုကြောင့် ပျက်စီးခဲ့သည်။

မီးသတ် သမားများသည် အဆိုပါနေရာသို့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲက ရောက်ရှိလာခဲ့သည်။



မီးလောင်ပျက်စီးခဲ့သည့် ဩစတြေးလျပါလီမန်အဆောက်အအုံ အရှေ့ဝင်ပေါက်ကို တွေ့ရစဉ်။

အဆောက်အအုံ အရှေ့ဘက်တွင်ရှိသော ဆန္ဒပြသူများကို ဒေသတွင်းမီဒီယာ၏ ဗီဒီယိုဖိုင်တွင် တွေ့မြင်နိုင်သည်။ Guardian Australia ၏ ဖော်ပြချက်အရ မီးလောင်ရသည့် အကြောင်းအရင်းကို အတည်မပြုနိုင်သေးကြောင်း သိရသည်။

ဩစတြေးလျ ဒီမိုကရေစီ ပြတိုက်အဖြစ် ဖွင့်လှစ်ထားသော ပါလီမန်အဆောက်အအုံဟောင်းသည် ဆန္ဒပြသူများက အဆောက်အအုံ၏ ရှေ့တံခါးမကြီးကို မီးရှို့ရာမှစပြီး လွန်ခဲ့သော သီတင်းပတ်က ပိတ်ထားရန် ဖိအားပေးခြင်း ခံခဲ့ရသည်။

ဆင်ဟွာ

# အာဖရိက၌ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၉ ဒသမ ၅၅ သန်းကျော်လွန်

**အဒစ်အဘာဘာ ဒီဇင်ဘာ ၃၀**

အာဖရိက၌ ဒီဇင်ဘာ ၂၉ ရက် ညနေပိုင်းအထိ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၉၅၅၁၉၀၉ ဦးအထိ ရှိလာခဲ့ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (အာဖရိကစီဒီစီ)က ပြောသည်။

စီဒီစီက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူပေါင်းမှာ ၂၂၇၈၇၂ ဦး ရှိလာပြီဖြစ်ကြောင်းနှင့် ၈၅၇၉၅၈၀ မှာ ကိုဗစ်-၁၉ကင်းစင်သွားပြီဖြစ်ကြောင်း သိရသည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီသီယိုပီးယားနိုင်ငံတို့သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးနိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

အာဖရိကတွင် တောင်အာဖရိကသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃ ဒသမ ၄၂ သန်းဖြင့် ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ကာ မော်ရိုကိုနိုင်ငံသည် ၉၅၇၅၉၄ ဦးဖြင့်နောက်မှလိုက်လျက်ရှိကြောင်း သိရသည်။

တောင်အာဖရိကသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ဒုတိယကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်သည်။ အာဖရိကအလယ်ပိုင်းသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အနည်းဆုံးဖြစ်ကြောင်း စီဒီစီ၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ

# အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း၌ ပြင်းအား ၇ ဒသမ ၃ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား

**ဂျကာတာ ဒီဇင်ဘာ ၃၀**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း Banda Sea တွင် ဒီဇင်ဘာ ၃၀ ရက်က ပြင်းအား ၇ ဒသမ ၃ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခဲ့ရာ ပျက်စီးမှုအနည်းငယ်ရှိခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ မိုးလေဝသနှင့် ရာသီဥတု၊ ဘူမိရူပဗေဒအေဂျင်စီ (ဘီအမ်ကေဂျီ) က ဖော်ပြခဲ့သည်။

ငလျင်လှုပ်မှုကြောင့် အနောက်တောင်ပိုင်း မာလူကူတွင် အိမ်နှစ်လုံး ပြိုကျခဲ့ပြီး တခြားအသေးစားပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း၊ ငလျင်ကြောင့် ဆူနာမီ ဖြစ်ပွားခြင်း မရှိခဲ့ကြောင်း ဘီအမ်ကေဂျီက ပြောကြားလိုက်သည်။

ငလျင်သည် ဒေသစံတော်ချိန် နံနက် ၁ နာရီ ၂၅ မိနစ်တွင် အနောက်တောင်ပိုင်း မာလူကုဒေသရှိ တီယာကာမြို့အရှေ့ဘက် ၁၃၂ ကီလိုမီတာအကွာ ပင်လယ်ပြင်ကို ဗဟိုပြု၍ ပင်လယ်ကြမ်းပြင်အောက် ၁၈၃ ကီလိုမီတာ အနက်တွင် လှုပ်ခတ်ခဲ့ကြောင်း ဘီအမ်ကေဂျီ၏ အကြီးအကဲ ဘန်ဘန်ဆက်တီယို ပရာရစ်နိုက ဒီဇင်ဘာ ၃၀ ရက်က ထုတ်ပြန်ခဲ့သော ကြေညာချက်တစ်ခုတွင် ဖော်ပြခဲ့သည်။

ငလျင်ကြီးလှုပ်ခတ်ပြီးနောက် ငလျင်ငယ်သုံးခု ထပ်မံလှုပ်ခဲ့ရာ အများဆုံးမှာ ပြင်းအား ၅ ဒသမ ၂ အဆင့်အထိရှိကြောင်း သိရသည်။

အေဂျင်စီက ပြည်သူများကို ယုံကြည်စိတ်ချရသော သတင်းရင်းမြစ်များတွင် နောက်ဆုံးရ သတင်းများကို ဆက်လက်စောင့်ကြည့်သွားရန်နှင့် ငလျင်ကြောင့် ပြိုပျက်ခဲ့သော အဆောက်အအုံ ပျက်များနှင့် ဝေးဝေးနေရန် သတိပေးတိုက်တွန်းခဲ့သည်။

ဆင်ဟွာ


အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း ဘန်ဂလီဒေသရှိ ထရူညံကျေးရွာတွင် ယခင်ငလျင်လှုပ်မှုကြောင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ ပျက်စီးခဲ့သည့် အိမ်တစ်လုံးကို တွေ့ရစဉ်။

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၄၈၂၂၀၄၀ အထိရှိလာ

**နယူးဒေလီ ဒီဇင်ဘာ ၃၀**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၃၁၅၄ ဦး ရှိလာသောကြောင့် ဒီဇင်ဘာ ၃၀ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၄၈၂၂၀၄၀ အထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၆၈ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၈၀၈၆၀ ဦးအထိ ရှိလာခဲ့သည်။

အိန္ဒိယနိုင်ငံ၌ လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၈၂၄၀၂ ဦး ရှိခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် နှစ်ရက်ဆက်တိုက် မြင့်တက်လာခဲ့သည်။

လွန်ခဲ့သော ၂၄ နာရီက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပျောက်ကင်းသွားပြီး ဆေးရုံမှ ဆင်းလာသူ ၇၄၈၆ ဦးအပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူ ၃၄၂၅၈၇၇၈ ဦး ရှိလာပြီဖြစ်သည်။

လတ်တလော အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားသူ ၉၆၁ ဦး ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

# ဒီဇင်ဘာ ၃၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၆၉ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၃ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉,၂၆၅ ဦးရှိ

(၃၀–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၉–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၀–၁၂–၂၀၂၁) ရက် နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၄၆၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၆၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၃.၂၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၀၂၉,၉၃၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၀,၆၄၅) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၄၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၈,၀၅၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၂၆၅) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၃၀–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၆၅၈) ခု | (၁၄၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၂၇) ခု | (၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၀၄) ခု | (၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၇) ခု | – |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၆) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၁၈၉) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၉၀) ခု | (၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၅၁၀) ခု | (၂၀၃) ဦး |
| စုစုပေါင်း | (၁၁,၄၆၁) ခု | (၃၆၉) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ အားတက်သရော ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူလူထုမှ စနစ်တကျ စည်းကမ်းလိုက်နာမှု၊ ဌာနဆိုင်ရာအသီးသီးမှ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှုနှင့် လူမှုရေးအသင်းအဖွဲ့အစည်းများမှ တက်ကြွစွာ ပံ့ပိုးပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေးဆိုင်ရာ ရက်သတ္တပတ်အလိုက် သုံးသပ်ချက်များအရ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းတို့မှာ တဖြည်းဖြည်း လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရပါသည်။
- သို့ရာတွင် ပြည်သူလူထုအကြား မြုပ်ကွယ်နေသည့် ကိုဗစ်–၁၉ ရောဂါပိုးရှိနေသူများ (ဥပမာ– ရောဂါလက္ခဏာမပြသော်လည်း ရောဂါပိုးရှိနေသူများ၊ သံသယရောဂါလက္ခဏာများရှိ၍ ရောဂါပိုးရှိနေနိုင်သော်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့ခြင်းမရှိသူများထံမှ) ရောဂါပိုးအဆင့်အဆင့် ဆက်လက်ကူးစက်၍ ရောဂါဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာခြင်းမရှိစေရန်နှင့် ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်လျော့ကျလာစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်၍ အောက်ပါအချက်များကို တိကျစွာလိုက်နာကြပါရန် ဖြစ်ပါသည်။
    - အတတ်နိုင်ဆုံး မိမိတို့၏ နေအိမ်များတွင်သာ နေထိုင်ခြင်းနှင့် လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊
    - နေအိမ်ပြင်ပသို့ သွားရောက်ရန်နှင့် လူအများစုဝေးရာသို့ သွားရောက်ရန်များရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
    - လက်ကို မကြာခဏဆေးကြောခြင်း၊
    - တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်း၊
    - အလှည့်ကျရရှိလာသည့် ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက်ခံယူခြင်း၊
    - သံသယရောဂါလက္ခဏာတစ်စုံတစ်ရာရှိပါက မိမိဘာသာကုသခြင်းမျိုး မဆောင်ရွက်ဘဲ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံး ဆက်သွယ်သတင်းပေးပို့၍ မိမိနှင့် အနီးကပ်ထိတွေ့သူများအား ကျန်းမာရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်ရာတွင် သတင်းပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
    - ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများသည်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့၍ အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၃၀-၁၂-၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၄၆၅၆၈၆၆ | ၄၁၄၀၈၂၉၁ | ၈၄၄၂၇၂ |
| ၂။ | အိန္ဒိယ | ၃၄၈၂၂၀၄၀ | ၃၄၂၅၈၇၇၈ | ၄၈၀၈၆၀ |
| ၃။ | ဘရာဇီး | ၂၂၂၆၃၈၃၄ | ၂၁၅၆၇၈၄၅ | ၆၁၈၈၇၀ |
| ၄။ | ဗြိတိန် | ၁၂၅၅၉၉၂၆ | ၁၀၂၂၉၅၆၁ | ၁၄၈၀၈၉ |
| ၅။ | ရုရှား | ၁၀၄၇၉၃၄၄ | ၉၄၂၃၂၂၇ | ၃၀၇၉၄၈ |
| ၆။ | တူရကီ | ၉၅၃၄၃၅၇ | ၇၉၈၂၄၁၃ | ၁၂၃၃၇၂ |
| ၇။ | ပြင်သစ် | ၉၄၀၂၀၈၃ | ၉၀၁၄၄၉၀ | ၈၂၀၅၉ |
| ၈။ | ဂျာမနီ | ၇၁၀၀၁၆၂ | ၆၃၃၂၃၀၀ | ၁၁၂၁၃၃ |
| ၉။ | အီရန် | ၆၁၉၀၇၆၂ | ၆၀၃၂၆၁၅ | ၁၃၁၅၂၇ |
| ၁၀။ | စပိန် | ၆၁၃၃၀၅၇ | ၅၀၄၉၃၉၆ | ၈၉၃၃၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၃၀– ၁၂ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၆၂၅၄၀ | ၄၁၁၄၁၄၁ | ၁၄၄၀၈၈ |
| ဖိလစ်ပိုင် | ၂၈၄၁၂၆၀ | ၂၇၇၈၁၄၈ | ၅၁၃၇၃ |
| မလေးရှား | ၂၇၅၀၅၁၆ | ၂၆၇၇၄၀၆ | ၃၁၄၂၈ |
| ထိုင်း | ၂၂၂၀၃၂၄ | ၂၁၆၅၂၅၃ | ၂၁၆၇၂ |
| ဗီယက်နမ် | ၁၆၉၄၈၇၄ | ၁၃၀၂၅၄၂ | ၃၁၈၇၇ |
| မြန်မာ | ၅၃၀၆၄၅ | ၅၀၈၀၅၃ | ၁၉၂၆၅ |
| စင်ကာပူ | ၂၇၈၇၅၀ | ၂၇၅၀၈၄ | ၈၂၆ |
| ကမ္ဘောဒီးယား | ၁၂၀၄၈၇ | ၁၁၆၉၀၇ | ၃၀၁၂ |
| လာအို | ၁၁၀၀၅၄ | ၉၆၀၃၃ | ၃၆၀ |
| ဘရူနိုင်း | ၁၅၄၇၀ | ၁၅၂၇၂ | ၉၈ |

# မင်္ဂလာပါ ၂၀၂၂

*စာချစ်သူ*

❋ ၂၀၂၂ ခုနှစ် နှစ်သစ်တွင် မြန်ပြည်တစ်ဝန်း အေးချမ်းသာယာဝပြောရေးအတွက် မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားအပေါင်းသည် မေတ္တာတရားကိုအခြေခံ၍ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်သင်းနှင့်တစ်သင်း ခန္တီတရားနှင့် သည်းခံခြင်း၊ ဥပေက္ခာတရားနှင့် ခွင့်လွှတ်ခြင်းတို့ဖြင့် ကျော်ဖြတ်ကြရပါမည်

၂၀၂၁ ခုနှစ် နှစ်ဟောင်းကုန်ဆုံး၍ ၂၀၂၂ ခုနှစ် နှစ်သစ်သို့ကူးပြောင်းပေတော့မည်။ ကုန်လွန်ခဲ့သော ၂၀၂၀၊ ၂၀၂၁ ခုနှစ် ထိုနှစ်နှစ်ကတော့ စိတ်မချမ်းမြေ့ဖွယ်ရာများသာ ပြည့်နှက်နေခဲ့သည်။ ၂၀၁၉ ကုန်ဆုံး၍ ၂၀၂၀ နှစ်သစ်ကူးကာလတွင် ကမ္ဘာသူ ကမ္ဘာသားအားလုံးသည် Happy New Year ဟူ၍ ၂၀၂၀ နှစ်သစ်ကို ပျော်ရွှင်စရာနှစ်သစ်အဖြစ် ကြိုဆိုခဲ့ကြပါသည်။

သို့ရာတွင် နှစ်သစ်၏အမွန်အစကာလမှာပင် တရုတ်ပြည် ဝူဟန်မြို့မှတစ်ဆင့် စတင်ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးသည် ကမ္ဘာတစ်ဝန်းသို့ လျင်မြန်စွာကူးစက်ပျံ့နှံ့သွားသည်။ ကမ္ဘာသူ ကမ္ဘာသား သိန်းသန်းနှင့်ချီ၍ သေဆုံးခဲ့ကြရသည်။ ကမ္ဘာကြီး တစ်ခုလုံး သုသာန်တစပြင်ပမာ တိတ်ဆိတ်ငြိမ်သက်သွားသည်။

မြန်မာနိုင်ငံသို့မူ မတ်လနောက်ဆုံးပတ်ခန့်တွင် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး စတင်ကူးစက်ပျံ့နှံ့လာသည်။ အသေအပျောက်စာရင်းမှာ အခြားနိုင်ငံများကဲ့သို့ မများပြားခဲ့သော်လည်း မြို့ရွာအားလုံးနီးပါး တိတ်ဆိတ်ငြိမ်သက်သွားပြန်ပါသည်။ ဆိုရလျှင် ၂၀၂၀ ပြည့်နှစ် တစ်နှစ်လုံးနီးပါးသည် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး၏ ခြိမ်းခြောက်မှုနှင့် နောက်ဆက်တွဲရိုက်ခတ်မှုဆိုးကျိုးများကြောင့် ကမ္ဘာသူ ကမ္ဘာသားများနည်းတူ မြန်မာပြည်သူများ၏ လူမှုစီးပွားဘဝသည်လည်း အခက်အခဲပေါင်းများစွာ၊ စိန်ခေါ်မှုပေါင်းများစွာဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရပါသည်။

**မျှော်လင့်ခြင်းများစွာဖြင့် ကြိုဆိုခဲ့ကြ**

ဤသို့ဖြင့် ၂၀၂၀ ပြည့်နှစ်ကုန်ဆုံး၍ ၂၀၂၁ နှစ်သစ်သို့ကူးပြောင်းလာခဲ့ပြန်သည်။ နှစ်သစ်အမွန် ၂၀၂၁ ကို လူတိုင်းနီးပါး “Happy New Year”ဟု လှိုက်လှိုက်လှဲလှဲကြိုဆိုနှုတ်ခွန်းဆက်ခဲ့ကြပြန်သည်။ တကယ်တော့ ကုန်လွန်ခဲ့သည့် ၂၀၂၀ သည် ကမ္ဘာသူ ကမ္ဘာသားအားလုံးအတွက် လွမ်းလောက်စရာမဟုတ်ခဲ့။ ဝမ်းနည်းကြေကွဲမှုများ၊ မွန်းကျပ်မှုများ၊ စိုးရိမ်သောကများနှင့် ကိုယ်စီကိုယ်စီဖြတ်သန်းခဲ့ကြရသည်မဟုတ်ပါလား။ သို့ကြောင့် လာမည့် ၂၀၂၁ ခုနှစ် နှစ်သစ်ကို မျှော်လင့်ခြင်းများစွာဖြင့် လှိုက်လှိုက်လှဲလှဲကြိုဆိုခဲ့ကြပါ၏။

သို့သော်၊ သို့သော် ၂၀၂၁ ခုနှစ် နှစ်သစ်သည် ကျွန်တော်တို့အားလုံး ရင်နာစွာဖြင့် နှုတ်ဆက်ခဲ့ပါသော ၂၀၂၀ ထက် ပို၍ခက်ခဲစွာရုန်းကန်ခဲ့ရသည်။ မြန်မာနိုင်ငံအဖို့မူ အခြားကမ္ဘာ့နိုင်ငံများထက် စိန်ခေါ်မှုပေါင်းများစွာ၊ အခက်အခဲအကျပ်အတည်းပေါင်းများစွာ ပို၍ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတော့သည်။

၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသော ပြဿနာကိစ္စအရပ်ရပ်သည် ၂၀၂၀ နှစ်ဟောင်းက မြစ်ဖျားခံခဲ့ပေသည်။ ပထမပြဿနာကိစ္စရပ်က ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအတွင်းက ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်နှင့် ပတ်သက်သည်။ ၂၀၂၀ အကုန် ၂၀၂၁ နှစ်သစ်ကူးပြောင်းချိန်ကာလများတွင် ပွတ်တိုက်မှုများက များပြားလာသည်။ တပ်မတော်က ရွေးကောက်ပွဲဖြစ်စဉ် အစ၊ အဆုံးအပေါ် အခြေခံ၍ ဖြေရှင်းပေးရန် တောင်းဆိုသည်။ အာဏာရပါတီကမူ ထွက်ပေါ်လာသောမဲစာရင်း ရလဒ်ကိုသာ ကိုင်စွဲ၍ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တတိယအကြိမ် လွှတ်တော်ခေါ်ယူပြီး အစိုးရသစ်တစ်ရပ်ဖွဲ့စည်းရန်သာ တက်သုတ်ရိုက်ဆောင်ရွက်သည်။

ဤသို့ဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့အကူးတွင် တပ်မတော်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အာဏာကိုထိန်းသိမ်းလိုက်သည်။ ကနဦး ဆန္ဒပြမှုဖြစ်စဉ်များ ပေါ်ပေါက်လာသည်။ ထို့နောက်မှာတော့ CDM လှုပ်ရှားမှုများ၊ ဆူပူဆန္ဒပြမှုဖြစ်စဉ်များ၊ ယင်းနောက်မှာတော့ အကြမ်းဖက်မှုဖြစ်စဉ်များပေါ်ပေါက်လာသည်။ အကြမ်းဖက်မှုဖြစ်စဉ်များအတွင်း အပြစ်မဲ့ပြည်သူများ၊ Non CDM နိုင်ငံ့ဝန်ထမ်းများ၊ သံဃာတော်များပါမကျန် အများအပြားပစ်မှတ်ထားလုပ်ကြံသတ်ဖြတ်ခံခဲ့ကြရရှာသည်။

**၂၀၂၁ ခုနှစ်သည် ခက်ခဲလှပါဘိ**

ထိုစဉ်အတောအတွင်းမှာပင် အားလုံးမေ့လျော့နေကြသည့် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး၏ တတိယလှိုင်းသည် ဇူလိုင်လတွင် အလစ်အငိုက်ဝင်ရောက်လာသည်။ ကိုဗစ်- ၁၉ တတိယလှိုင်းသည် သည်တစ်ခါတော့ မြန်မာပြည်သူအများစုကို သက်ညှာခွင့်မပေးတော့ပါ။ ကိုယ့်ပတ်ဝန်းကျင် မျက်စိအောက်မှာပင် ခင်မင်ရင်းနှီးခဲ့သူများ တဖြုတ်ဖြုတ်သေဆုံးကုန်ကြသည်။ အချို့က မိခင်၊ ဖခင် မိသားစုဝင်များနှင့် သေကွဲ ကွဲခဲ့ကြရရှာသည်။ နာရေးကိစ္စများကို ယခင်ကသို့နှယ် စည်စည်ကားကားကျင်းပခွင့်ပင်မရခဲ့ကြ။ တက်သုတ်ရိုက်စီစဉ်ခဲ့ကြရရှာသည်။ သည်တောင်ကို မကျော်နိုင်တော့ပြီဟုပင် အားလုံးလက်မှိုင်ချ စိတ်ပျက်အားငယ်ခဲ့ကြရသည်။ ဘဝတစ်ခုရပ်တည် ရှင်သန်ရေးအတွက် ၂၀၂၁ ခုနှစ်သည် ခက်ခဲလှပါဘိ။

သို့ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အိမ်စောင့်အစိုးရသည် အရေးပေါ်လိုအပ်နေသော အောက်ဆီဂျင်နှင့် ဆေးဝါးပစ္စည်းများကို အလုံးအရင်းဖြင့် တင်သွင်း၊ ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်ခဲ့သည်။ နိုင်ငံတကာမှ မိတ်ဆွေနိုင်ငံများ၊ ပြည်တွင်းအလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၏ ပံ့ပိုးကူညီမှုများ၊ နိုင်ငံတော်၊ တပ်မတော်၊ ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကိုဗစ်-၁၉ တတိယလှိုင်းကို ကြံ့ကြံ့ခံ တွန်းလှန်ခဲ့သည်။ နှစ်စက အစပျိုးဆောင်ရွက်ခဲ့သော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ ဤသို့ဖြင့် ကိုဗစ်-၁၉ တတိယလှိုင်းကို အရင်းအနှီးအချို့ ပေးဆပ်၍ ကျော်လွှန်ဖြတ်သန်းနိုင်ခဲ့ပြန်သည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက်လည်း အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့၍ လက်ရှိ ၂၀၂၁ နှစ်ကုန်ခါနီးတွင် ဒေသအချို့မှအပ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းလာသည်။ နိုင်ငံတော်၏အရွေ့သည် အကောင်းဘက်သို့ ဦးတည်လာပြီဟု ဆိုရမည်။

**အနိဋ္ဌာရုံများကို မကြုံတွေ့ချင်တော့ပါ**

ယခု ၂၀၂၁ နှစ်ဟောင်းကုန်ဆုံး၍ ၂၀၂၂ နှစ်သစ်သို့ ကူးပြောင်းပေတော့မည်။ လာမည့်နှစ်သစ်အမွန် ၂၀၂၂ တွင် ၂၀၂၀၊ ၂၀၂၁ ခုနှစ် နှစ်ဟောင်းအတွင်းက ကြုံတွေ့ခဲ့ရသည့် အနိဋ္ဌာရုံများကို ဆက်လက် မကြုံတွေ့ချင်တော့ပါ။ ၂၀၂၂ ခုနှစ် နှစ်သစ်ကို မင်္ဂလာရှိသောနှစ်သစ်အဖြစ်သာ ကျော်လွှန်ဖြတ်သန်းချင်ပါ၏။

နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းရောက်ရှိသည့် နှစ်သစ်အခါသမယနှင့်ပတ်သက်၍ ပါမောက္ခချုပ်ဆရာတော် အရှင်ဒေါက်တာ နန္ဒမာလာဘိဝံသ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ နှစ်သစ်မင်္ဂလာ ဓမ္မသဘင်အခမ်းအနားဝယ် ဟောကြားအပ်သော “နှစ်သစ်မေတ္တာ လူတိုင်းမှာ” တရားဒေသနာတော်တွင် -

“ယခုလို နှစ်ဟောင်းကုန်ဆုံးပြီး နှစ်သစ်အခါသမယပြောင်းလဲရောက်ရှိလာတဲ့အခါမှာ လူတွေဟာ တစ်ဦးနဲ့တစ်ဦး နှုတ်ခွန်းဆက်ကြတယ်။ နှစ်သစ်မင်္ဂလာကိုကြိုဆိုတဲ့အနေနဲ့ အားလုံး တစ်ဦးအပေါ် တစ်ဦး မေတ္တာထားကြပြီး ‘နှစ်သစ်မင်္ဂလာအခါသမယမှာ ပျော်ရွှင်ချမ်းမြေ့ပါစေ’၊ ‘Happy New Year’လို့ ပြောကြတာပေါ့။ တကယ်တော့ လောကလူသားတွေဟာ ဒီကနေ့ ဘာကိုလိုလားကြတာလဲလို့ဆိုရင် ပျော်ရွှင်ချမ်းမြေ့မှုလို့ဆိုတဲ့ Happiness ကို လိုလားကြတယ်ဆိုတာ အင်မတန်မှထင်ရှားတယ်။ ပျော်ရွှင်ချမ်းမြေ့မှု၊ ဘဝမှာ ထာဝရပျော်ရွှင်နိုင်ဖို့ လူတွေ နေ့စဉ်ကြိုးပမ်းအားထုတ်နေကြတယ်။ ဒီအချက်ကိုလည်းပဲ မြတ်စွာဘုရားက ဟောကြားခဲ့တာရှိတယ်။

**ပျော်ရွှင်ချမ်းမြေ့မှုကိုရှာ**

မြတ်စွာဘုရားဟောတဲ့အထဲမယ် လူတွေရဲ့ဆန္ဒကိုထုတ်ဖော်ပြီး ‘သုခကာမာ ဒုက္ခပဋိကူလာ’လို့ဆိုတဲ့စကားရှိတယ်။ လူတိုင်းလူတိုင်းဟာ ဆင်းရဲဒုက္ခကို ရွံရှာမုန်းတီးကြတယ်။ ဘယ်သူမှ မဆင်းရဲချင်ကြဘူး။ သုခကာမ - ချမ်းသာပျော်ရွှင်မှုကို မြတ်နိုးကြတယ်။ ဒါက လူတိုင်း လူတိုင်းမှာရှိနေတဲ့ ဆန္ဒပဲ။ အဲဒီဆန္ဒကို ထုတ်ဖော်ကြတဲ့အခါမှာတော့ ဘာသာအမျိုးမျိုး၊ ဆရာအမျိုးမျိုး ဟောကြားတယ်။ မိမိတို့ရဲ့ ယုံကြည်ချက်၊ ယူဆချက်အတိုင်း ပျော်ရွှင်ချမ်းမြေ့မှုကိုရအောင် ရှာကြတယ်။ ဘယ်နည်းနဲ့ရရ ရတဲ့ပျော်ရွှင်ချမ်းမြေ့မှုကို လိုလားကြလို့ ရနိုင်တဲ့ နည်းလမ်းအမျိုးမျိုးအသုံးချပြီး ပျော်ရွှင်ချမ်းမြေ့မှုကို ရှာကြတာပဲ။

ဗုဒ္ဓမြတ်စွာဟောကြားတဲ့ တရားဓမ္မဟာ လူမျိုးနဲ့လည်း မသက်ဆိုင်ဘူး၊ ဘာသာတရားဆိုတဲ့ ကိုးကွယ်မှုနဲ့လည်း မသက်ဆိုင်ဘူး။ ဘယ်ပုဂ္ဂိုလ်ပဲလိုက်နာလိုက်နာ၊ ဘယ်ပုဂ္ဂိုလ်ပဲကျင့်သုံး ကျင့်သုံး ဓမ္မဆိုတာဟာ အားလုံးအတွက်ပဲဖြစ်တယ်။ ဒါကြောင့်မို့ ဘုန်းကြီးအနေနဲ့ ဒီကနေ့ ‘နှစ်ဦးမေတ္တာ လူတိုင်းမှာ’ဆိုတာ ဟောမှာပါ” ဟု ပဏာမ ဟောကြားတော်မူခဲ့ပါသည်။

ဆက်လက်၍ “မေတ္တာဆိုတဲ့တရားဟာ လူမျိုးနဲ့လည်း သက်ဆိုင်တာမဟုတ်ဘူး။ ဘာသာနဲ့လည်းသက်ဆိုင်တာမဟုတ်ဘူး။ ဘယ်သူပဲ အသုံးချချ ထိုမေတ္တာတရားရဲ့ စွမ်းအားကို ရကြမှာပဲဖြစ်တယ်။ မေတ္တာဆိုတာ နေရာတကာအရေးကြီးတယ်။ အခုလို ၂၀၁၂ ခုနှစ် စတင်တဲ့နေ့မှာ ဒီတစ်နှစ်တာကာလပတ်လုံး ပြောသမျှ ဆိုသမျှ၊ စိတ်ကူးသမျှတွေဟာ မေတ္တာနဲ့လုပ်ဆောင်သွားကြမယ်ဆိုရင် အားလုံးအတွက် အကျိုးဖြစ်ထွန်းမယ်ဆိုတာ သေချာတယ်။ ကိုယ့်အတွက်လည်း အကျိုးဖြစ်ထွန်းမှာပဲ၊ သူများအတွက်လည်း အကျိုးဖြစ်ထွန်းမှာပဲ၊ လူတိုင်းအတွက်လည်း အကျိုးဖြစ်ထွန်းမှာပဲ။ လူတိုင်းလူတိုင်းရဲ့ နှလုံးသားထဲမှာ အခုလိုနှစ်သစ်အခါသမယမှာ မေတ္တာတရား ကိန်းဝပ်နေအောင်ကြိုးစားရမယ်”။

မေတ္တာဆိုတာ “မိတ်ဆွေတို့ရဲ့စိတ်ဓာတ်၊ မိတ်ဆွေရဲ့စိတ်နေသဘောထား”လို့ အဓိပ္ပာယ်ရတယ်။ ပါဠိစကားလုံးပဲ။ မိတ္တဿသော မေတ္တာ။ မိတ်ဆွေရဲ့ စိတ်နေသဘောထား။ မိတ်ဆွေရဲ့စိတ်နေသဘောထား ဘယ်လိုရှိသလဲ၊ မိတ်ဆွေရဲ့စိတ်နေသဘောထားသည် မိမိနှင့်ခင်မင်သူတွေအားလုံး ကြီးပွားတိုးတက်စေချင်တယ်၊ ပျော်ရွှင်ချမ်းမြေ့စေချင်တယ်။ အဲဒီစိတ်ဓာတ်ကို အကန့်အသတ်ထားရမလားလို့ဆိုတော့ မိတ်ဆွေတွေရဲ့ စိတ်ဓာတ်ကို အားလုံးအပေါ်မှာ ထားနိုင်အောင် ကြိုးစားရမယ်။ ကိုယ့်မိတ်ဆွေဟုတ်သည်ဖြစ်စေ၊ ကိုယ့်မိတ်ဆွေမဟုတ်သည်ဖြစ်စေ၊ ကိုယ်နဲ့မသင့်တဲ့ပုဂ္ဂိုလ်ပဲဖြစ်စေ၊ ဘယ်ပုဂ္ဂိုလ်တွေအပေါ်ဖြစ်ဖြစ် အားလုံးအပေါ်မှာ ဒီစိတ်ဓာတ်ကို ဖြန့်ကြက်ထားနိုင်တာကို မေတ္တာလို့ခေါ်တယ်။ အဲဒီလိုဖြန့်ကြက်ထားနိုင်အောင် ကြိုးစားဖို့ ဘုန်းကြီးတို့တစ်တွေလုပ်ကြရမယ်။ ဒီမေတ္တာဆိုတဲ့တရားဟာ လူတွေရဲ့နှလုံးသားထဲမှာ အခြေခံအားဖြင့် ပါရှိနေသော်လည်းပဲ တိုးတက်အောင်မလုပ်ဘူးဆိုလို့ရှိရင် ဒီမေတ္တာဟာ တိုးပွားလာမှာမဟုတ်ဘူး။ ဒါကြောင့်မို့လို့ လေ့ကျင့်ပြီးတော့ မေတ္တာနှလုံးသား ရင်ထဲမှာပြန့်ပွားလာအောင် ကြိုးစားအားထုတ်ရမယ်”ဟု ဟောဖော်ညွှန်ပြ မိန့်ကြားတော်မူခဲ့ပါသည်။

**မေတ္တာတရား သုံးမျိုး**

ထို့နောက် ဆရာတော်ကြီးက မေတ္တာတရားနှင့်ပတ်သက်၍ “မေတ္တာကို မြတ်စွာဘုရားက သုံးမျိုးခွဲပြထားတယ်။ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာလို့။

မနောကံမေတ္တာက စပြောမယ်။ “အားလုံးအဆင်ပြေကြပါစေ၊ ချမ်းသာကြပါစေ၊ ပျော်ရွှင်ကြပါစေ၊ အခက်အခဲမရှိကြပါစေနဲ့”လို့ အကျိုးစီးပွားကိုလိုလားတဲ့ စိတ်နေသဘောထားလေးကို မနောကံမေတ္တာလို့ ခေါ်တယ်။

မနောကံမေတ္တာရှိရင် ဝစီကံမေတ္တာဆိုတာလည်း ရှိတယ်။ တစ်ဦးနဲ့တစ်ဦး ကောင်းကျိုးချမ်းသာရစေနိုင်တဲ့ စကားတွေကို ပြောတယ်၊ အကြံပေးမယ်၊ အကြံကောင်းတွေပေးတယ်၊ သတိပေးတယ်။ ဒီလိုတစ်ဦးနဲ့တစ်ဦး နှုတ်၏စောင့်မခြင်း၊ မေတ္တာအရင်းခံတဲ့ အပြောအဆိုများနဲ့ ပြောဆိုကူညီပေးခြင်း၊ ဒါလည်း လောကမှာ အင်မတန်မှအရေးကြီးတယ်။

*စာမျက်နှာ ၁၇ သို့*

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

❒ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
### သတင်းထုတ်ပြန်ချက်
### အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ဒေါ်လာဈေးအတက်အကျနှင့် အထွက်နှုန်းတို့အပေါ်မူတည်၍ ငရုတ်ကောင်းဈေးနှုန်းများလည်း ဆက်လက်မြင့်တက်နေ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ဒေါ်လာဈေးအတက်အကျနှင့် အထွက်နှုန်းတို့အပေါ် မူတည်၍ ငရုတ်ကောင်းဈေးနှုန်းများလည်း ဆက်လက်မြင့်တက်နေဆဲဖြစ်ကြောင်း ငရုတ်ကောင်းဈေးကွက် ကျွမ်းကျင်သူများထံမှ သိရသည်။

"ငရုတ်ကောင်းဈေးက လုံးဝပြန်မကျသွားဘူး။ ဈေးနှုန်းက အတက်ဘက်မှာပဲ ဆက်ငြိမ်နေတယ်။ မနှစ်ကဈေးနဲ့ ယှဉ်ကြည့်ရင်တော့ ဒီနှစ်ငရုတ်ကောင်းဈေးက နှစ်ဆကျော်အထိ တက်နေတာပဲ။ ပြည်တွင်းကထွက်တဲ့ ငရုတ်ကောင်းတွေ ဈေးတက်နေသလိုပဲ ဒေါ်လာဈေး တက်နေတဲ့အတွက် ဗီယက်နမ်ဘက်ကနေ မြန်မာပြည်ဘက်ကို import ဝင်လာတဲ့ ငရုတ်ကောင်းတွေကလည်း ဈေးမြင့်နေပါတယ်" ဟု KKO-Pepper ငရုတ်ကောင်းထုတ်လုပ်ရေး၏ စီမံအုပ်ချုပ်သူ ဦးအောင်ဆန်းဦးက ပြောသည်။

လက်ရှိတွင် ငရုတ်ကောင်းစေ့ (အမည်း) တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀ မှ ၁၄၀၀၀ အတွင်း ဈေးနှုန်းရှိနေကြောင်း ဘုရင့်နောင်ပွဲရုံရှိ ငရုတ်ကောင်းကုန်သည်များထံမှ သိရသည်။

ပြီးခဲ့တဲ့နှစ်က ဒီအချိန်မှာ ငရုတ်ကောင်းစေ့ (အမည်း) ဈေးက တစ်ပိဿာကို ငွေကျပ် ၆၀၀၀/၇၀၀၀၊ ငရုတ်ကောင်းစေ့ (အဖြူ) ဈေးက တစ်ပိဿာကို ငွေကျပ် ၂၅၀၀၀ ဝန်းကျင်ပဲရှိခဲ့တယ်။ အခုနှစ်မှာတော့ ငရုတ်ကောင်းစေ့ (အဖြူ) တစ်ပိဿာကို ကျပ်သုံးသောင်းကျော်သွားပြီ။ ဒီနှစ် အခုလိုတွေ ဈေးတက်ရတဲ့ အကြောင်းရင်းက ပြည်တွင်းက ငရုတ်ကောင်းခြံတွေမှာ အထွက်နှုန်းနည်းတာကြောင့်လည်း အများကြီးပါပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ပြည်တွင်း၌ ငရုတ်ကောင်းစိုက်ကေများ နည်းပါးနေသေးခြင်း၊ နှစ်ခြားသီးတတ်သည့် နှစ်တချို့တွင် ငရုတ်ကောင်းအထွက်နှုန်းများ ပုံမှန်နှစ်များကထက် လျော့ကျတတ်ခြင်း၊ စားသုံးမှုလိုအပ်ချက်အရ ပြည်ပမှ ငရုတ်ကောင်းများကို import တင်သွင်းနေရခြင်း စသည့် လိုအပ်ချက်များစွာရှိနေကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

**နန်းထက်ထက်ချစ်**

*စာမျက်နှာ ၁၆ မှ*

နောက်တစ်ခါ ကာယကံမေတ္တာလို့ဆိုတယ်။ တစ်စုံတစ်ခု ကိုယ့်ရှေ့မှာ ဆိုပါစို့၊ လူတစ်ယောက်ဟာ ကိုယ်ရှေ့မှာအရေးကြီးတဲ့ ပိုက်ဆံအိတ်ကလေးတို့၊ တယ်လီဖုန်းတို့ မေ့ကျန်ရစ်ခဲ့တယ်ဆိုရင် သိမ်းပေးထားတယ်။ အကြောင်းကြားပေးတယ်။ မပျောက်မပျက်အောင် လုပ်ပေးထားတယ်။ ဒါက ကာယကံမေတ္တာလို့ခေါ်တယ်။ သွားတဲ့လမ်းတွေမှာ ခလုတ်မထိ ဆူးမငြိအောင် သူများမမြင်တာတွေကို ဖယ်ရှားပေးတယ်။ ကိုယ်အရင်တွေ့ရင် ကိုယ်ဖယ်ရှားပေးလိုက်တယ်။ ဆိုလိုတာက "ဘယ်သူမှ ဒုက္ခမရောက်အောင် ကိုယ်မြင်တဲ့အခါမှာ ဆောင်ရွက်လုပ်ကိုင်ပေးသွားတာလေးတွေ"၊ ဒါကို ကာယကံမေတ္တာလို့ ခေါ်တယ်။

မေတ္တာဟာ ဘယ်သူ့သန္တာန်မှာပဲဖြစ်ဖြစ် ကုသလာ အနဝဇ္ဇသုခဝိပါကလက္ခဏာ။ အပြစ်ကင်းတယ်တဲ့။ အပြစ်မရှိတဲ့အရာတစ်ခု၊ အပြစ်မရှိဘူးဆိုတာ ဘယ်သူက အပြစ်တင်စရာမှမရှိတာ၊ မကောင်းတာ ကောင်းအောင်လုပ်ပေးတယ်ဆိုတာ အပြစ်ပြောစရာမရှိဘူး။

ဒါကြောင့်မို့ ဆက်ဆံတဲ့အခါမှာ မေတ္တာနဲ့ဆက်ဆံရမယ်။ မေတ္တာနဲ့ဆက်ဆံမှု ခိုင်မာဖို့အတွက် ခန္တီတရားနဲ့ သည်းခံရမယ်။ ခန္တီဆိုတာ "အောင့်အည်းထားနိုင်ခြင်း (သို့မဟုတ်) ကိုယ့်စိတ်ကို ထိန်းနိုင်တဲ့စွမ်းရည်သတ္တိ"ကို ခေါ်တာ။ တကယ်အဓိပ္ပာယ်ပေါ်အောင် ခန္တီဆိုတာ ဘာလဲဆိုရင် "စိတ်စွမ်းအင်တစ်မျိုး"ပဲ။ စိတ်စွမ်းအင်တစ်မျိုးဆိုတာ "ဆန့်ကျင်ဘက်တွေနဲ့ ကြုံတွေ့လာသော်လည်းပဲ ပြောင်းလွဲတုန်လှုပ်ခြင်းမရှိတဲ့ စိတ်ဓာတ်စွမ်းအင်တစ်မျိုး"ကို ခန္တီလို့ခေါ်တယ်။ လောကမှာ မေတ္တာနဲ့ဆက်ဆံပြီး ခန္တီနဲ့သည်းခံနိုင်စွမ်းရှိမှ အလုပ်ကိစ္စဆိုတာအောင်မြင်တယ်တဲ့။

### ဥပေက္ခာနဲ့ လျစ်လျူရှုနိုင်ရမယ်

နောက်တစ်ခါ ဥပေက္ခာနဲ့ လျစ်လျူရှုနိုင်ရမယ်၊ ဥပေက္ခာနဲ့ ခွင့်လွှတ်နိုင်ရမယ်ပေ့ါ။ ခွင့်မလွှတ်နိုင်ဘူးဆိုရင် ပြဿနာတက်တာပဲနော်။ အဲဒီလို မေတ္တာရယ်၊ ခန္တီရယ်၊ ဥပေက္ခာရယ် ဒီတရားသုံးပါးကို လက်ကိုင်ထားပြီးတော့ ကျင့်သုံးမယ်ဆိုရင် မည်သည့်ပုဂ္ဂိုလ်မှာပဲဖြစ်ဖြစ် ပြဿနာဆိုတာ ပြေလည်သွားမှာပဲ။

အဲဒီတော့ မြတ်စွာဘုရားရဲ့တရားဆိုတာ ဘာသာတရားနဲ့လည်း မဆိုင်ဘူး။ လူမျိုးနဲ့လည်း မဆိုင်ဘူးနော်၊ ကိုးကွယ်မှုတွေနဲ့ ဘာမှမဆိုင်ဘူး။ ကိုယ့်ရဲ့စိတ်ဓာတ်၊ ကိုယ့်ရဲ့ Internal examine နဲ့ဆိုင်တယ်။ အတွင်းကိုပြန်ပြီးတော့ checking လုပ်တယ်၊ သုံးသပ်တယ်။ ကိုယ့်ရဲ့ စိတ်ဓာတ်ကို Mental check-up လုပ်တယ်ပေ့ါနော်။ ကိုယ့်ရဲ့ စိတ်ကို ကိုယ် check-up လုပ်ပြီးတဲ့အခါမှာ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေဆိုတာတွေမဖြစ်အောင် ကြိုးစားအားထုတ်ခြင်းပဲဖြစ်တယ်။ ဒါတွေကို သဘောကျပြီး နေ့စဉ်ဘဝလှုပ်ရှားသွားလာပြီးတော့နေတဲ့ အခါ၊ အများနဲ့ဆက်ဆံတဲ့အခါမှာ အားလုံးပြန်ပြီးတော့ နိဂုံးချုပ် ပြောရမယ်ဆိုရင် –

အခုလို "နှစ်ဦးမေတ္တာ လူတိုင်းမှာထားရမှာကတော့ အားလုံးအပေါ်မှာ မေတ္တာနဲ့ ဆက်ဆံရမယ်။ ခန္တီဆိုတဲ့တရားနဲ့ သည်းခံနိုင်ရမယ်။ ဥပေက္ခာဆိုတဲ့ တရားနဲ့နော် ခွင့်လွှတ်နိုင်ရမယ်။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဆိုတဲ့ အလုပ်လုပ်တဲ့ မဂ္ဂင် ငါးမျိုး၊ သီလမဂ္ဂင်သုံးမျိုးကိုအခြေခံပြီးတော့ အလုပ်လုပ်တဲ့ မဂ္ဂင် ငါးမျိုး စုစုပေါင်း မဂ္ဂင်ရှစ်ပါးအကျင့်တရားနဲ့ ဘဝခရီးမှာ မိမိတို့ဘဝ အခြေအနေမှန်ကို ဆင်ခြင်သုံးသပ်နိုင်အောင် နေ့စဉ်နဲ့အမျှ stress တွေကို လျှော့ချနိုင်အောင်ကြိုးစားအားထုတ်ကြရမှာဖြစ်တယ်" လို့ ကိုယ်စီကိုယ်စီ သတိထားပြီး အခု နှစ်ဆန်းတစ်ရက်နေ့ကစပြီး မြတ်စွာဘုရားဟောတဲ့အတိုင်း လိုက်နာကျင့်သုံးနိုင်ကြပါစေကုန်သတည်း" စသဖြင့် ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူခဲ့ပါသည်။

သို့နှင့်လာမည့် ၂၀၂၂ ခုနှစ် နှစ်သစ်တွင် မြန်ပြည်တစ်ဝန်းအေးချမ်းသာယာဝပြောရေးအတွက် မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားအပေါင်းသည် မေတ္တာတရားကိုအခြေခံ၍ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်သင်းနှင့်တစ်သင်း ခန္တီတရားနှင့် သည်းခံခြင်း၊ ဥပေက္ခာတရားနှင့် ခွင့်လွှတ်ခြင်းတို့ဖြင့် ကျော်ဖြတ်ကြရပါမည်။

နှစ်သစ်မင်္ဂလာတွင် အမှန်တကယ် မင်္ဂလာရှိစေရေးအတွက်လည်း (၃၈)ဖြာ မင်္ဂလာတရားတော်နှင့်အညီ မိမိတို့အိမ်ထောင်စု၊ မိမိတို့ရပ်ရွာ၊ မြို့နယ်၊ တိုင်းခရိုင်သာယာရေးအတွက် မင်္ဂလာရှိသော စကား၊ မင်္ဂလာရှိသော အလုပ်အကိုင်၊ အပြုအမူများဖြင့် လုပ်ကိုင်ပြုမူပြောဆိုကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစတင်မည့် နှစ်သစ်မင်္ဂလာအခါသမယတွင် ကမ္ဘာသူ ကမ္ဘာသားအားလုံး၊ မြန်မာနိုင်ငံသားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြ၍ မင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါဘိ။

မင်္ဂလာပါ ၂၀၂၂ ။ ။

# ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ ဒီဇင်ဘာ ၂၀ ရက်မှ ယနေ့အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၂ ဒသမ ၁၈၀ သန်း ဖြစ်သည်။ ယနေ့အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA-013733 စာရင်း**

| | ငွေကျပ် |
|---|---:|
| ၁၇-၁၂-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၆၉,၉၃၇,၇၆၅,၁၄၂.၅၃ |
| (+) ၂၀-၁၂-၂၀၂၁ မှ ၃၀-၁၂-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၂,၁၈၀,၀၀၀.၀၀ |
| (-) EDC-600012 သို့ USD ၂.၁၄၅ သန်း လွှဲပြောင်းငွေ (၃၀-၁၂-၂၀၂၁) | ၃,၈၂၂,၅၃၅,၀၀၀.၀၀ |
| ၃၀-၁၂-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၆၆,၁၁၇,၄၁၀,၁၄၂.၅၃ |

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---:|
| ၁၇-၁၂-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၂၅,၈၆၂,၃၄၉.၅၃ |
| (-) ရုရှားနိုင်ငံ၊ Sputnik Light ကာကွယ်ဆေး(၁) သန်း ဝယ်ယူရန် ပထမအရစ်ပေးချေငွေ | ၃,၈၇၀,၀၀၀.၀၀ |
| (+) ၂၀-၁၂-၂၀၂၁ မှ ၃၀-၁၂-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | - |
| (+) OA-013733 မှ လွှဲပြောင်းခြင်း (၃၀-၁၂-၂၀၂၁) | ၂,၁၄၅,၀၀၀.၀၀ |
| ၃၀-၁၂-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၂၄,၁၃၇,၃၄၉.၅၃ |

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း (၂၀-၁၂-၂၀၂၁ ရက်နေ့မှ ၃၀-၁၂-၂၀၁၁ ရက်နေ့ထိ)**

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---:|
| | ၂၁-၁၂-၂၀၂၁ | ၁,၀၀၀,၀၀၀ |
| ၁ | ဦးလှဝင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀ |
| | ၂၇-၁၂-၂၀၂၁ | ၁,၀၀၀,၀၀၀ |
| ၁ | ဦးရဲလင်းထွန်း+ဒေါ်စမ်းသီတာ (နေပြည်တော်) | ၁,၀၀၀,၀၀၀ |
| | ၂၈-၁၂-၂၀၂၁ | ၃၀,၀၀၀ |
| ၁ | ဒေါ်စန်းစန်းမေ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၂ | ဒေါ်ချိုချိုအောင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| | ၃၀-၁၂-၂၀၂၁ | ၁၅၀,၀၀၀ |
| ၁ | ဦးမြင့်ကောင်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၅၀,၀၀၀ |
| | (၂၀-၁၂-၂၀၂၁ ရက်နေ့မှ ၃၀-၁၂-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၂,၁၈၀,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

# ပြည်ပမှ ပြန်လာသူများကို အခမဲ့ Quarantine ဝင်ရောက်စေခြင်း၊ ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ စစ်ဆေးပေးခြင်းနှင့် ရောဂါပိုးစစ်ဆေးတွေ့ရှိသူများကို ရောဂါပျောက်ကင်းသည်အထိ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ပြည်ပနိုင်ငံများတွင် အခက်အခဲဖြစ်နေကြသည့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအား အမိမြန်မာနိုင်ငံတော်သို့ ပြန်လည်ဝင်ရောက်နိုင်ရေး ကယ်ဆယ်ရေးလေယာဉ်(Relief Flight)များဖြင့် လည်းကောင်း၊ တပ်မတော်စစ်ရေယာဉ်များဖြင့် လည်းကောင်း၊ နယ်စပ်ဂိတ်များမှ ပြန်လည်ဝင်ရောက်စေခြင်းဖြင့် လည်းကောင်း အမိမြန်မာနိုင်ငံတော်၏ အရိပ်အာဝါသအောက်တွင် ကြည့်ရှုစောင့်ရှောက်မှုပေးနိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာတွင် ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဒီဇင်ဘာ၂၈ ရက် အထိ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသည့် နိုင်ငံသူ၊ နိုင်ငံသားများမှာ ကယ်ဆယ်ရေးလေယာဉ် (Relief Flight)ခရီးစဉ် (၉၀၄) ကြိမ်ဖြင့် Facility Quarantine ဝင်ရောက်သူ (၄၆,၆၂၂)ဦး၊ တပ်မတော် စစ်ရေယာဉ်ဖြင့်(၁၀၈၆)ဦး၊ နယ်စပ်ဂိတ်များမှ (၉၂,၁၃၃)ဦးဖြစ်သည်။ ကယ်ဆယ်ရေးလေယာဉ်(Relief Flight)ခရီးစဉ်ဖြင့် နိုင်ငံအလိုက် ပြန်လည်ဝင်ရောက်လာသူများအနက် Facility Quarantine ဝင်ရောက်မှုမှာ ဖော်ပြပါအတိုင်းဖြစ်သည်-

| | | |
|---|---|---:|
| (က) | မလေးရှားနိုင်ငံ | ၂၄,၄၂၆ ဦး |
| ( ခ ) | ကိုရီးယားသမ္မတနိုင်ငံ | ၆,၂၂၄ ဦး |
| ( ဂ ) | စင်ကာပူနိုင်ငံ | ၇၇၁၃ ဦး |
| (ဃ) | တရုတ်နိုင်ငံ | ၈၄၃ ဦး |
| ( င ) | ထိုင်းနိုင်ငံ | ၃၆၇၄ ဦး |
| ( စ ) | ဒူဘိုင်း | ၁၁၉၀ ဦး |
| (ဆ) | အိန္ဒိယနိုင်ငံ | ၉၂၅ ဦး |
| ( ဇ ) | ဂျပန်နိုင်ငံ | ၄၉၀ ဦး |
| (ဈ) | လာအိုနိုင်ငံ | ၁၁ ဦး |
| (ည) | ဖိလစ်ပိုင်နိုင်ငံ | ၅၄ ဦး |
| ( ဋ ) | ဂျော်ဒန်နိုင်ငံ | ၃၂၆ ဦး |
| ( ဌ ) | ထိုင်ဝမ် | ၁၅၇ ဦး |
| ( ဍ ) | ကမ္ဘောဒီးယားနိုင်ငံ | ၉၁ ဦး |
| ( ဎ ) | ဗီယက်နမ်နိုင်ငံ | ၉၁ ဦး |
| (ဏ) | ဘင်္ဂလားဒေ့ရှ်နိုင်ငံ | ၁၆၄ ဦး |
| (တ) | အခြားနိုင်ငံများမှ | ၂၄၃ ဦး |
| | **စုစုပေါင်း** | ၄၆,၆၂၂ ဦး |

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးဗဟိုကော်မတီတို့၏ လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် ဆက်စပ်ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ ပြည်ပမှပြန်လည်ဝင်ရောက်လာသူများကို နွေးထွေးပျူငှာစွာဖြင့် အသွားအလာကန့်သတ်စောင့်ကြည့်ခြင်း (Facility Quarantine)အား သတ်မှတ်နေရာများတွင် အခမဲ့ဆောင်ရွက်ပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ ခါတ်ခွဲနမူနာများ ရယူပြီး RT-PCR နည်းဖြင့် စစ်ဆေးပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ရာ ကယ်ဆယ်ရေးလေယာဉ် (Relief Flight)ဖြင့် ပြန်လည်ဝင်ရောက်လာသူ (၄၆,၆၂၂)ဦးအနက် (၂၈၁၇) ဦးတွင်လည်းကောင်း၊ တပ်မတော်စစ်ရေယာဉ်ဖြင့် ပြန်လာသူ (၁၀၈၆) ဦးအနက် (၂)ဦးတွင် လည်းကောင်း၊ နယ်စပ်ဂိတ်များမှ ပြန်လည်ဝင်ရောက်လာသူ (၉၂,၁၃၃) ဦးအနက် (၂,၀၀၃)ဦးတွင်လည်းကောင်း ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးတွေ့ရှိခဲ့သဖြင့် စုစုပေါင်းဓာတ်ခွဲအတည်ပြုလူနာ(၄,၈၂၂)ဦးရှိခဲ့သည်။ အဆိုပါ ဓာတ်ခွဲအတည်ပြုလူနာများအား သတ်မှတ်နေရာများတွင် ဆေးကုသမှုခံယူစေပြီး ကိုဗစ်-၁၉ ရောဂါ သက်သာပျောက်ကင်းသည်အထိ နိုင်ငံတော်အစိုးရက တာဝန်ယူကုသပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# e-Government ဆပ်ကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီတွင် ပါဝင်သည့် ပြန်ကြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဆပ်ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် Virtual Meeting ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်ပါ ဆောင်ရွက်ပြီးကိစ္စရပ်များ၊ ဆောင်ရွက်ရန် ကျန်လုပ်ငန်းများနှင့် ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှ သတင်းပြန်ကြားရေးကဏ္ဍနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍများအပေါ် ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များအား ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ပြန်ကြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နှင့် ဆပ်ကော်မတီတွင် ပါဝင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ ဖြစ်သော နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်(MCF)မှ အဖွဲ့ဝင်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပြန်ကြားရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ဆပ်ကော်မတီသည် e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းထားသည့် ဆပ်ကော်မတီ ရှစ်ခုတွင် တစ်ခုပါဝင်ပြီး ဆပ်ကော်မတီ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် e-Government ဦးဆောင်ကော်မတီနှင့် e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီတို့၏ လမ်းညွှန်ချက်များပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# အိုမီခရွန် တဲ့

သမားအို

သမားအိုတစ်ယောက်အတွက် အနာမျိုး ကိုးဆယ့်ခြောက်ပါးဆိုတာက မဆန်းပါဘူး။ ဒါပေမယ့် တစ်သက်နဲ့တစ်ကိုယ် အခုကြုံတွေ့နေရတဲ့ ကိုဗစ်-၁၉ ကပ်ဆိုးကြီးကိုတော့ အားငယ်စွာနဲ့ ရင်ဆိုင်နေရတာ အမှန်ပါပဲ။

၁၉၁၈- ၁၉ မှာ စပိန်တုပ်ကွေး ဖြစ်ခဲ့တယ်။ ကမ္ဘာ့ကပ်ရောဂါကြီးအဖြစ်နဲ့ လူသားသန်းပေါင်းများစွာ ရောဂါရပြီး သေကျေခဲ့တယ်။ ကိုယ်တိုင်မမီလိုက်ပေမယ့် သူ့ရဲ့နောက်ဆက်တွဲ ဟောင်ကောင်တုပ်ကွေးကြောင့် အိပ်ရာထဲမှာ လဲခဲ့ရတယ်။ တုပ်ကွေးဖြစ်ပေမယ့် မသေဆိုတာ ကိုယ်တွေ့ကြုံလိုက်ရပါတယ်။

**ရောဂါသစ်တစ်မျိုးတိုးပြီး သိလိုက်ရ**

နောက်ပိုင်းမှာတော့ ဆားစ်ရောဂါ (SARS) မြန်မာပြည်ထဲကို ဝင်မလာအောင် ကာကွယ်ဖို့ ကိုယ်တိုင်ကြိုးစားခွင့်ရခဲ့တယ်။ ဟောင်ကောင်ကနေ စင်ကာပူ၊ ကနေဒါအထိ ကူးစက်ပျံ့နှံ့သွားခဲ့ပေမယ့် ကပ်ရောဂါ(Pandemic) အဆင့်တော့ မရောက်ခဲ့ပါဘူး။ ကူးစက်မြန်ပြင်းထန် အဆုတ်ရောင်ရောဂါဆိုတဲ့ စကားလုံးဆန်းဆန်းနဲ့ ရောဂါသစ်တစ်မျိုးတိုးပြီး သိလိုက်ရတယ်။

စိုးရိမ်စရာဖြစ်ခဲ့ရတဲ့ "လူကို ကူးစက်နိုင်သော ကြက်ငှက်တုပ်ကွေး" ရောဂါ ကမ္ဘာမှာ ဖြစ်ပြီး မြန်မာပြည်ကို အဖျားခတ်ရုံလေး ဖြစ်သွားတဲ့အတွက် ကံကောင်းခဲ့တယ်။ H5N1 ဗိုင်းရပ်စ်ပိုးဟာ နှစ်ယောက်ဖြစ်ရင် တစ်ယောက် သေနိုင်ပေမယ့် လူတွေမှာ ကူးစက်မှုထက် မွေးမြူထားတဲ့ ကြက်ငှက်တွေ ဒဏ်ခံသွားရတယ်။ အခုလည်း အစ္စရေးနိုင်ငံမှာ ဆောင်းခိုငှန်းရိုင်းတွေမှာ H5N1 ရောဂါပိုး ကူးစက်ပြီး ထောင်ချီသေနေကြပါတယ်။

ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်တဲ့ ရောဂါတွေအတွက် ဆေးမရှိပါဘူး။ ကာကွယ်ဆေးတွေနဲ့သာ တားလို့ရနိုင်ပါတယ်။ ၂၀၁၉ ခုနှစ်အကုန်မှာ စပေါ်လာတဲ့ SARS Cov2 ဆိုတဲ့ ဗိုင်းရပ်စ်ပိုးကို အများသိအောင် ကိုဗစ်-၁၉ (Covid-19)အဖြစ် နာမည်တပ်လိုက်ကြတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတွေထဲမှာ ကပ်ရောဂါအဖြစ် ပျံ့နှံ့ခဲ့တယ်။ အခုထက်ထိပဲ ပုံစံအမျိုးမျိုးနဲ့ ပျံ့နှံ့နေတုန်းပါပဲ။

သဘာဝအရ ဗိုင်းရပ်စ်ပိုးဟာ လူ့ကိုယ်ထဲကို ဝင်သွားပြီးမှ မျိုးပွားပါတယ်။ ရောဂါဖြစ်အောင် လုပ်မယ်။ လူ့ကိုယ်ထဲကပြန်ထွက်လာပြီး အခြားတစ်ယောက်ကို ကူးမယ်။ အကယ်၍ လူနာသေသွားခဲ့ရင်ဖြစ်ဖြစ်၊ ကူးစက်စရာလူကို မတွေ့တော့၍ဖြစ်ဖြစ် ဆက်လက်ရှင်သန်ဖို့ မဖြစ်နိုင်တော့ပါဘူး။ ဒါကြောင့် ရောဂါဖြစ်လာမယ့် အတိုင်းအတာတစ်ခုအထိ ပျံ့နှံ့မယ်။ ပြီးရင် နိဂုံးချုပ်မယ်။

**အခက်ကြီးခက်ခဲ့ရ**

ဒီပုံစံမျိုး ကိုဗစ်-၁၉ က စာအုပ်ကြီးအတိုင်း မချိုးတော့ဘူး။ လူ့ကိုယ်ထဲဝင်ပြီး ရောဂါပေး၊ ရောဂါဖြန့်ရုံတင်မကဘဲ ဗီဇပြောင်းလဲမှုဖြစ်လာတယ်။ အယ်လ်ဖာ၊ ဘီတာ၊ ဂါမာမျိုးကွဲတွေကနေ ပိုပိုပြီးဆိုးလာတဲ့ ဒယ်လ်တာမျိုးကွဲကျတော့ ကူးစက်မြန်ရုံမက လူတွေကို အတုံးအရုံးသေစေခဲ့တယ်။ လူတွေရဲ့ကိုယ်ခံအားဖြစ်တည်မှုကို ကျော်လွှားဝင်ရောက်တဲ့နည်းရယ်၊ ကိုယ်ခံအားကို ကမောက်ကမဖြစ်စေတဲ့နည်းနဲ့ ကိုယ့်ကိုယ်ကိုယ် ရန်သူဖြစ်အောင် လုပ်တဲ့နည်းရယ် သုံးလာတဲ့အတွက် အခက်ကြီးခက်ခဲ့ရပါတော့တယ်။



- အိုမီခရွန်(Omicron)တဲ့။ "နောက် တစ်ခါလာပြန်ချည်သေး" ဖြစ်ပေမယ့် ရှိပြီးသား ကိုဗစ်-၁၉ ကပ်ရောဂါကြီးကို ပုံစံတစ်မျိုးနဲ့ ဆိုးရွားစေဖို့ လမ်းစရှာနေပါပြီ
- Omicron ရောဂါမျိုးကွဲတွေ ဘယ်၍ဘယ်မျှ ရောက်နေပါပြီဆိုတဲ့သတင်းကို နားထောင်နေမယ့်အစား အခုချက်ချင်း ကာကွယ်နိုင်သမျှ ကာကွယ်ရပါမယ်

အခုတော့ အိုမီခရွန်(Omicron)တဲ့။ "နောက်တစ်ခါလာပြန်ချည်သေး" ဖြစ်ပေမယ့် ရှိပြီးသား ကိုဗစ်-၁၉ ကပ်ရောဂါကြီးကို ပုံစံတစ်မျိုးနဲ့ ဆိုးရွားစေဖို့ လမ်းစရှာနေပါပြီ။

၂၀၂၁ နိုဝင်ဘာလဆန်းပိုင်းလောက်မှ စတင်တွေ့ရှိခဲ့တဲ့ အိုမီခရွန်ဟာ အခုတော့ ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ကျော်မှာ တစ်လကျော်အတွင်း ပျံ့နှံ့ကူးစက်ခဲ့ပြီး မြန်မာနိုင်ငံထဲကိုလည်း ဝင်ရောက်လာခဲ့ပြီ။ အိုမီခရွန် ပိုးတွေ့ရှိတဲ့သူ လေးယောက်ကို ရှာဖွေဖော်ထုတ်ဖို့အတွက် နှစ်ပတ်လောက် အချိန်ယူခဲ့ရပါတယ်။ အလွယ်တကူ စစ်လို့ရတာမျိုးမဟုတ်ဘဲ (Genomic Sequencing) ဆိုတဲ့ မျိုးရိုးဗီဇစစ်ဆေးမှုနည်းပညာသစ်နဲ့ စစ်ဆေးရတာဖြစ်လို့ ကိုယ့်နိုင်ငံက ဓာတ်ခွဲခန်းအပြင် သေချာတိကျအောင် အခြားဓာတ်ခွဲခန်းတွေကိုပါ ပို့ခဲ့ရပါတယ်။

**ဗိုင်းရပ်စ်ဟာ အပျော့စွဲနဲ့ဝင်လာပြန်**

လေးယောက်မှာ ပိုးတွေ့တယ်ဆိုပေမယ့် တစ်ယောက်တည်းမှာပဲ ရောဂါလက္ခဏာပြခဲ့တယ်။ တခြားနိုင်ငံတွေမှာလိုပဲ သာမန်ဖျားနာတုပ်ကွေး ရောဂါလက္ခဏာတွေထက် သိပ်မထူးခြားဘူးလို့ ယူဆရတာပါပဲ။ မနှစ်က မြန်မာပြည်မှာ ကိုဗစ်-၁၉ ကူးစက်ခံရသူတွေရဲ့ အများစုဟာ ရောဂါလက္ခဏာ မပြကြတာကိုလည်း သတိထားမိပါတယ်။ အခုလည်း ဒီပုံစံအတိုင်း ဗိုင်းရပ်စ်ဟာ အပျော့စွဲနဲ့ ဝင်လာပြန်ပါပြီ။

ရောဂါလက္ခဏာဟာ ပိုးဝင်ပြီး သုံးရက်အတွင်းမှာ ပြနိုင်တယ်။ အဲဒီအချိန်အတွင်းမှာပဲ နှစ်ဆလောက် ကူးစက်ပြန်တယ်။ ဒ့ါအပြင် ရောဂါပိုး ကူးစက်ပုံကလည်း အမြန်ယာဉ်ကို စီးနေရသလိုပါပဲ။ အဆုတ်ရဲ့အပေါ်ပိုင်း လည်ချောင်းနဲ့ လေပြွန်တွေထဲမှာ ရောဂါပိုးတွေ ပွားပြီး အသက်ရှူထုတ်ရာကနေတောင် အငွေ့အသက်အဖြစ်၊ အမှုန်အမွှားလေးတွေအဖြစ် (Aerosol) ပုံစံမျိုးနဲ့ ပျံ့နှံ့ကူးစက်တာဖြစ်တဲ့အတွက် လေထဲမှာရှိတဲ့ ဗိုင်းရပ်စ်ကိုကာကွယ်ဖို့ ခက်သွားပါတယ်။

ပထမဦးဆုံး စစ်ဆေးတွေ့ရှိတဲ့ လူလေးယောက်ဟာ လေယာဉ်နဲ့ အရှေ့အလယ်ပိုင်း UAE ကနေ ဝင်လာခဲ့တယ်။ ဒါမျိုးကို ၂၀၂၀ နှစ်စပိုင်းမှာ လေယာဉ်နဲ့ အမေရိကန်က ဝင်လာခဲ့တာမျိုးနဲ့ တူနေတယ်။ ဒီတစ်ခါမှာတော့ လေဆိပ်မှာတင် ကွာရန်တင်း (Quarantine) အဖြစ် ကန့်သတ်ထိန်းချုပ်ထားပြီးမှ နေရပ်ပြန်ခွင့်ပေးလိုက်ပေမယ့် Omicron မျိုးကွဲဖြစ်ကြောင်း အဖြေက နောက်ကျမှ လိုက်လာခဲ့ရတယ်။

အမေရိကန်မှာတော့ ရောဂါပိုးရှိလာကြောင်း စစ်ဆေးတွေ့ရှိပြီးရင် ၁၀ ရက် ကွာရန်တင်း (Quarantine) ဝင်ရတယ်ဆိုတာကနေ အခုတော့ ငါးရက်ဆိုရင်ရပြီလို့ လျှော့ပေးလိုက်တယ်။ ဒါပေမယ့် နောက်ထပ် ငါးရက်လုံးလုံး ပါးစပ်နှာခေါင်းစည်းကို တပ်ထားရမယ်လို့ ဆိုပါတယ်။

သင်ခန်းစာယူစရာတွေ ရှိနေပါတယ်။ ပထမဦးဆုံးပိုးတွေ့တဲ့ မြန်မာနိုင်ငံသားဟာ သူ့ရွာ မရောက်ခင် ဟိုဝင်ဒီဝင်လုပ်ခဲ့ပါတယ်။ အဲဒီကနေ ရောဂါတွေ ပြန့်ပွားသွားခဲ့တာကို မမေ့သင့်ပါဘူး။ ဒ့ါအပြင် (Cluster Infection) ဆိုတဲ့ အုပ်စုလိုက်ကူးစက်တာမျိုး၊ (Super Spreader) ဆိုတဲ့ လူတစ်ဦးက လူအုပ်ကြီးကို ကူးစက်တာမျိုး မြန်မာပြည်မှာ ဖြစ်ခဲ့တယ်။ ဒါက ပထမလှိုင်းတုန်းကပါ။

ကိုဗစ်- ၁၉ ဒုတိယလှိုင်းနဲ့ တတိယလှိုင်းတွေမှာတော့ နယ်စပ်ကနေ ခြေကျင် ဝင်ရောက်လာတာဖြစ်ပါတယ်။ လူတွေကို အသေအပျောက်များစေတဲ့ ဒယ်လ်တာမျိုးကွဲကို တတိယလှိုင်းမှာ ကြုံခဲ့ရတော့ အသေအပျောက်များခဲ့ပါတယ်။

အခု အိုမီခရွန်ပိုးကို ဘယ်လိုကာကွယ်ကြမလဲ။ ကျန်းမာရေးဘက်ကတော့ အဆင်သင့် ပြင်ဆင်ထားတယ်။ တစ်နေ့နေ့မှာ ဝင်လာလိမ့်မယ်လို့ တွက်ဆထားပေမယ့် ဒီလောက်မြန်မယ် မထင်ခဲ့ပါဘူး။ အထူးလုပ်စရာလည်း မရှိသလောက်ပါပဲ။

ကိုဗစ်-၁၉ ကာကွယ်ဆေး သုံးမျိုးထိုးထားတယ်။ ထိုးပေးနေတယ်။ ထိုးပေးဖို့ အဆင်သင့်ရှိတယ်။ ရည်မှန်းအုပ်စုတွေအားလုံးကို ကာကွယ်ပေးဖို့ ပြင်ဆင်ထားတယ်ဆိုပေမယ့် ဆေးထိုးစုရပ်တွေကိုသွားမှ ဆေးထိုးပေးလို့ရတယ်။

**ကာကွယ်နိုင်သမျှ ကာကွယ်ရပါမယ်**

Omicron ရောဂါမျိုးကွဲတွေ ဘယ်ရွေ့ဘယ်မျှ ရောက်နေပါပြီဆိုတဲ့ သတင်းကို နားထောင်နေမယ့်အစား အခုချက်ချင်း ကာကွယ်နိုင်သမျှ ကာကွယ်ရပါမယ်။

- ပါးစပ်နှာခေါင်းစည်းတွေကို နည်းစနစ်တကျ တပ်ဆင်ဖို့လိုမယ်။
- လူတိုင်းမှာ ပါးစပ်နှာခေါင်းစည်း (Mask) တွေ တပ်နိုင်အောင် ဆောင်ရွက်ပေးဖို့ လိုမယ်။
- အများသူငါရှိတဲ့နေရာမှာ နှာခေါင်းစည်း မတပ်တာမျိုး၊ နှာခေါင်းစည်းကို လည်ပင်းမှာ ချိတ်ထားတာမျိုး၊ နှာခေါင်းဖော်ပြီး တပ်ထားတာမျိုး မဖြစ်အောင် လို့လည်း ထိန်းသိမ်းဖို့ လိုပါမယ်။
- လက်ဆေးတာ၊ လူစုလူဝေးထဲ မသွားတာ၊ လူစုလူဝေးမလုပ်တာ၊ တစ်ယောက်နဲ့တစ်ယောက် ခပ်ခွာခွာ (ခြောက်ပေမက) နေကြရမယ်။
- နှာခေါင်းစည်းတွေ၊ ဆေးတွေ ဈေးကွက်ထဲမှာ ပုံမှန်ရှိနေအောင်လုပ်ထားဖို့ လိုတယ်။
- ပိုးရှိ / မရှိ မြန်မြန်နဲ့ များများစစ်ပေးနိုင်ဖို့လိုမယ်။
- ကာကွယ်ဆေးတွေ လူတိုင်းထိုးပြီးအောင် ကြိုးစားဖို့လိုတယ်။

(မှတ်ချက်- အိုမီခရွန်ဗိုင်းရပ်စ်ပိုးတွေ လေထဲမှာ ပျံ့နှံ့နေနိုင်တာကိုတော့ ကာကွယ်ဖို့ ခက်နေတယ်။)

## စစ်ကိုင်းမြို့၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်း ပြိုင်ပွဲဖွင့်

စစ်ကိုင်း ဒီဇင်ဘာ ၃၀

စစ်ကိုင်းမြို့၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဌာနပေါင်းစုံ ပိုက်ကျော်ခြင်း ပြိုင်ပွဲဖွင့်ပွဲကို ဒီဇင်ဘာ၂၉ ရက်က ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနရှိ အားကစားခန်းမအတွင်း ကျင်းပသည်။

ဖွင့်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းထွန်းစိန်က လွတ်လပ်ရေး၏ အနှစ်သာရ ရရှိအောင် ပျော်ပွဲ၊ ရွှင်ပွဲများ ထည့်သွင်းကျင်းပခြင်းဖြစ်ကြောင်း၊ ပိုက်ကျော်ခြင်း ပြိုင်ပွဲသို့ ဌာနပေါင်းစုံမှ အသင်းပေါင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကြရာ အားကစား စိတ်ဓာတ် အပြည့်ဖြင့် ယှဉ်ပြိုင်ကြစေလိုကြောင်း၊ ယခုလိုယှဉ်ပြိုင်စေခြင်းဖြင့် ဌာနဆိုင်ရာ အချင်းချင်း ရင်းနှီးချစ်ကြည် စည်းလုံးညီညွတ်မှု ပိုမိုရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ခရိုင်(ပြန်/ဆက်)

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

စစ်တွေ ဒီဇင်ဘာ ၃၀

**၂၀၂၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး(၂/၂၀၂၁)ကို ယနေ့ မွန်းလွဲ ၂ နာရီက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)**



ညှိနှိုင်းအစည်းအဝေးတွင် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းက ၂၀၂၂ ခုနှစ် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို စစ်တွေမြို့ ဝေသာလီအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ကြောင်း၊ ညှိနှိုင်းအစည်းအဝေး(၁/၂၀၂၁)တွင် ဆောင်ရွက်ရန်ဆုံးဖြတ်နိုင်ခဲ့သည့် ဆုံးဖြတ်ချက်ပါအတိုင်း လုပ်ငန်းကော်မတီအလိုက် အချိန်နှင့်တစ်ပြေးညီ တိတိကျကျ မြန်မြန်ဆန်ဆန် ပြီးစီးနိုင်အောင် အချင်းချင်း ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယခုအစည်းအဝေးတွင်လည်း လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းတာဝန်များနှင့် အခြားဖြည့်စွက်ဆောင်ရွက်ရန်လိုအပ်သည့်ကိစ္စများအား အသေးစိတ်ဆွေးနွေးတင်ပြစေလိုကြောင်းနှင့် အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် လုပ်ငန်းကော်မတီများအနေဖြင့် လစ်ဟာမှုမရှိစေရေး ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုင်းသော်ဝင်းက(၁/၂၀၂၁)အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် ယခင်နှစ် အခမ်းအနားများတွင် ဆောင်ရွက်ခဲ့သော ဆောင်ရွက်ခဲ့မှုများကို ဆွေးနွေးတင်ပြသည်။ ဆက်လက်၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက လုပ်ငန်းကော်မတီအလိုက် အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်နေမှုနှင့် ယခင်နှစ် အခမ်းအနားများတွင် ဆောင်ရွက်ခဲ့သော အတွေ့အကြုံများ၊ အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးတင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

# မြန်မာအမျိုးသားလေကြောင်း ဇန်နဝါရီလတွင် နိုင်ငံ ငါးနိုင်ငံသို့ ကယ်ဆယ်ရေးခရီးစဉ်များ ပျံသန်းပြေးဆွဲမည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**



မြန်မာအမျိုးသား လေကြောင်းလိုင်း (MNA) သည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံသို့ ကယ်ဆယ်ရေးနှင့် အထူးကယ်ဆယ်ရေးခရီးစဉ်များ ပျံသန်းပြေးဆွဲသွားမည် ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းမှ သိရသည်။

အိန္ဒိယနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံခရီးစဉ်တွင် ရန်ကုန်-နယူးဒေလီ-ရန်ကုန် ကယ်ဆယ်ရေးခရီးစဉ်ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၄ ရက်၊ ၁၈ ရက်နှင့် ရန်ကုန်-မနီလာ-ရန်ကုန် ခရီးစဉ်အား ဇန်နဝါရီ ၁၁ ရက်တွင်လည်းကောင်း၊ ရန်ကုန်-ဘန်ကောက်-ရန်ကုန် ကယ်ဆယ်ရေးခရီးစဉ်ကို အပတ်စဉ်ဗုဒ္ဓဟူးနေ့နှင့် အထူးကယ်ဆယ်ရေး ခရီးစဉ်ကို အပတ်စဉ် အင်္ဂါ၊ ကြာသပတေး၊ သောကြာနှင့် တနင်္ဂနွေနေ့တို့တွင် လည်းကောင်း၊ စင်ကာပူနှင့် မလေးရှားနိုင်ငံ ခရီးစဉ်တို့တွင် ရန်ကုန် - စင်ကာပူ - ရန်ကုန် ကယ်ဆယ်ရေးခရီးစဉ်ကို အပတ်စဉ် တနင်္လာနေ့နှင့် အထူးကယ်ဆယ်ရေးခရီးစဉ်ကို အပတ်စဉ် ဗုဒ္ဓဟူးနှင့် စနေနေ့တို့တွင် လည်းကောင်း၊ ရန်ကုန်-ကွာလာလမ်ပူ ကယ်ဆယ်ရေးခရီးစဉ်ကို တနင်္လာ၊ ကြာသပတေး၊ စနေနေ့နှင့် ရန်ကုန်-ကွာလာလမ်ပူ ကယ်ဆယ်ရေး ခရီးစဉ်အား အပတ်စဉ် အင်္ဂါ၊ သောကြာနှင့် တနင်္ဂနွေနေ့တို့တွင် လည်းကောင်း အသီးသီးပြေးဆွဲသွားမည်ဖြစ်သည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း ပျံသန်းပြေးဆွဲမည့် ပြည်ပ Relief Flight ခရီးစဉ်များတွင် လေယာဉ်လက်မှတ်များကို MNA လက်မှတ်အရောင်းကောင်တာများ၊ MNA Website (www.flymna.com)နှင့် Application နှင့် နီးစပ်ရာ Travel Agent များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

ညိမ်းသူ
ဓာတ်ပုံ - ကနူး

# အသိပေးနှိုးဆော်ကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ထုတ်ပြန်ကြေညာခဲ့သည့် NUG ၊ CRPH နှင့် လက်ဝေခံ PDF အဖွဲ့များ၏ တရားမဝင် လက်နက်များ၊ ခဲယမ်းများ၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအပြင် လက်လုပ်သေနတ်၊ ယမ်း၊ မိုင်းနှင့် ဆက်စပ်ပစ္စည်းများကို လက်ဝယ်ကိုင်ဆောင် အကြမ်းဖက်မှုအပေါ်နှင့် နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတချို့တို့မှလည်း နိုင်ငံရေး၊ စစ်ရေး အမြတ်ထုတ်ရန်အလို့ငှာ ပြည်တွင်းသို့ နည်းမျိုးစုံဖြင့် ပို့ဆောင်နေသည့် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား နေ့စဉ်နှင့်အမျှ ဖော်ထုတ်ဖမ်းဆီးရမိလျက်ရှိသကဲ့သို့ နည်းမျိုးစုံဖြင့် လက်ဝယ်ကိုင်ဆောင်သူ အကြမ်းဖက်သမားများထံမှလည်း ဖော်ထုတ်ဖမ်းဆီး/ သိမ်းဆည်းရမိလျက်ရှိပါသည်။

၂။ ၎င်းအပြင် တချို့သော အကြမ်းဖက်သမားများသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ မသိနားမလည်မှု၊ ရိုးသားမှုအပေါ် အခွင့်ကောင်းယူလျက် မိမိတို့၏တရားမဝင် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများအပြင် တားမြစ်ပစ္စည်းများကိုလည်း နည်းအမျိုးမျိုး၊ အသွင်အမျိုးမျိုးဖြင့် အပ်နှံသိမ်းဆည်းစေမှုများကိုလည်း ဖော်ထုတ်ဖမ်းဆီးရမိလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြမ်းဖက်သူများနှင့် မသက်ဆိုင်သူများကို မလိုလားအပ်သော တရားဥပဒေရင်ဆိုင်မှုများ မရှိစေနိုင်ရေး အလို့ငှာ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နောက်ဆုံးထား၍ နိုင်ငံသူ၊ နိုင်ငံသားများအားလုံးသည် အကြောင်းအမျိုးမျိုးနှင့် နည်းမျိုးစုံဖြင့် မိမိတို့နေအိမ်၊ တိုက်ခန်းနှင့် နေရာအသီးသီးတွင် တရားမဝင် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအပါအဝင် နိုင်ငံတော်မှဥပဒေအရ တားမြစ်ပြဋ္ဌာန်းထားသည့် မူးယစ်ဆေးဝါးများ လက်ဝယ်သို့ရောက်ရှိ သိမ်းဆည်းထားခြင်းများရှိကြပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများ/ နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက် အပ်နှံကြပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် စစ်ဆေးတွေ့ရှိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း သတိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# တက္ကသိုလ်နေ့သင်တန်းများ ၆-၁-၂၀၂၂ ရက်နေ့တွင် စတင်ဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်
တက္ကသိုလ်နေ့သင်တန်းများဖွင့်လှစ်ခြင်း

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် (၂၀၁၉-၂၀၂၀) ပညာသင်နှစ်နှင့် (၂၀၂၁-၂၀၂၂) ပညာသင်နှစ်များအတွက် အောက်ပါဘွဲ့သင်တန်းအသီးသီးကို (၆-၁-၂၀၂၂) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

(က) ဥပဒေပညာ စတုတ္ထနှစ် (ဒုတိယနှစ်ဝက်)
( ခ ) ပညာရေး စတုတ္ထနှစ် (ဒုတိယနှစ်ဝက်)
( ဂ ) ဂုဏ်ထူးတန်း တတိယနှစ် (ပထမနှစ်ဝက်)
(ဃ) မဟာအရည်အချင်းစစ်သင်တန်း (ပထမနှစ်ဝက်)
( င ) မဟာဘွဲ့သင်တန်း ပထမနှစ် (ပထမနှစ်ဝက်)
( စ ) မဟာဘွဲ့သင်တန်း ဒုတိယနှစ် (ပထမနှစ်ဝက်)

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

# မွန်ပြည်နယ် အားကစားဥယျာဉ်စီမံကိန်း ဘောလုံးကွင်း၊ အဆောက်အအုံဆောက်လုပ်မည့် မြေနေရာပန္နက်တင်

**မော်လမြိုင် ဒီဇင်ဘာ ၃၀**

မွန်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ မော်လမြိုင်မြို့ မင်းရွာကျေးရွာ၌ ပြည်နယ်အားကစားဥယျာဉ်စီမံကိန်း ဘောလုံးကွင်း၊ အဆောက်အအုံများ ဆောက်လုပ်မည့် မြေနေရာတွင် ပန္နက်တင်ပွဲကို ယမန်နေ့က ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ပန္နက်တင်ပွဲတွင် အားကစားဥယျာဉ်စီမံကိန်း ဘောလုံးကွင်း၊ အဆောက်အအုံတို့ကို တာဝန်ယူတည်ဆောက်မည့် တင်ဒါအောင်ကုမ္ပဏီများက မိမိတို့ တည်ဆောက်မည့် အပိုင်းလိုက် ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် သတ်မှတ်နေရာအသီးသီးတို့၌ ပန္နက်များ စိုက်ထူပေးပြီး မော်လမြိုင်မြို့ ရာမညပွဲကြည့်စင်အသစ် ပြန်လည်တည်ဆောက်ခြင်း ပန္နက်တင်မင်္ဂလာအခမ်းအနား တက်ရောက်ကာ ပန္နက်စိုက်ထူပေးသည်။

မွန်ပြည်နယ်အတွင်းရှိ လူငယ်၊ လူရွယ်များ၊ ကျန်းမာရေးနှင့် အားကစားလိုက်စားသူများအား ကျန်းမာကြံ့ခိုင်မှု၊ အရည်အသွေးပြည့်ဝမှုနှင့် စိတ်ဓာတ်ရေးရာမြင့်မားမှု ဘက်စုံ၊ ထောင့်စုံမှ မြှင့်တင်ပေးရန် ပြည်နယ်အစိုးရအနေဖြင့် အားကစားနည်းများအလိုက် လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**



# ဒေသအတွင်း ဆီဖူလုံမှုရှိစေရေးနှင့် နွေစပါးအထွက်တိုး စိုက်ပျိုးထုတ်လုပ်သွားရန် တိုင်းဒေသကြီး ဝန်ကြီးချုပ် လမ်းညွှန်မှာကြား

**ပဲခူး ဒီဇင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီးအတွင်း ဆီဖူလုံမှုရှိစေရေးအတွက် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် နေကြာကို သီးညှပ်စိုက်ပျိုးသွားရန် စီမံချက်ချ ဆောင်ရွက်လျက်ရှိရာ ဖြစ်ထွန်းအောင်မြင်မှုရှိစေရန်အတွက် တာဝန်ရှိသူ အဆင့်ဆင့်က မြေပြင်ကွင်းဆင်းစစ်ဆေးသွားရန် လိုအပ်ကြောင်းနှင့် နွေစပါးစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် စိုက်ဧက တိုးတက်စေရေးအတွက်လည်း စည်းရုံးဆောင်ရွက်ကြရန် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောကြားသည်။



ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ယမန်နေ့က ပြုလုပ်သည့် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခြင်းဖြစ်သည်။ စိုက်ပျိုးရေ အခက်အခဲရှိပါက ခရိုင်အလိုက် Mobile Solar Pump စက်များ ထောက်ပံ့ပေးထားပြီးဖြစ်၍ အကျိုးရှိရှိ သုံးစွဲကြရန် လိုအပ်ကြောင်းနှင့် သဘာဝဓာတ်မြေဩဇာအဖြစ် သစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် တောင်သူလယ်သမားများအား အသိပညာပေး ဆောင်ရွက်ကြရန် လိုအပ်ကြောင်းလည်း တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

ထို့နောက် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခွန်လေးမျိုး ကောက်ခံရရှိမှုနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပွင့်လင်းရာသီရောက်ရှိပြီဖြစ်၍ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းပြန်လည် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ကြရန်၊ မြို့ဝင်/ထွက်သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်ကြရန်၊ ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးတည်အုပ်စုများ ရာနှုန်းပြည့်ထိုးနှံနိုင်ရေး အမြန်ဆုံးဆောင်ရွက်ရန်၊ ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများ လျာထားချက်ပြည့်မီအောင် ကောက်ခံသွားရန်၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်သွားရန်နှင့် ပန်းခင်းစီမံချက်ကို သတ်မှတ်ကာလမတိုင်မီ အချိန်မီပြီးစီးရေး ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။ **တင်စိုး(ပဲခူး)**

# သံလှယ်လျှပ်စစ်မြစ်ရေတင်မှ ရေပေးဝေနိုင်သည့် အကျိုးပြုဧရိယာတွင် ရာနှုန်းပြည့်စိုက်ပျိုးသွားမည်

**ဘားအံ ဒီဇင်ဘာ ၃၀**

ကရင်ပြည်နယ် ဘားအံမြို့နယ် သံလှယ်ကျေးရွာ သံလှယ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ ရေပေးဝေနိုင်သည့်အကျိုးပြုဧရိယာအားလုံးတွင်ဒေသခံတောင်သူများနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ရာနှုန်းပြည့်စိုက်ပျိုးလုပ်ကိုင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၇ ရက်က အဆိုပါမြစ်ရေတင် ရှင်းလင်းဆောင်၌ ပြုလုပ်သည့် ပြည်နယ်ဝန်ကြီးချုပ်နှင့် တောင်သူများ တွေ့ဆုံပွဲမှ သိရသည်။

သံလှယ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းတွင် အကျိုးပြု ဧရိယာဧက ၈၀၀ ရှိပြီး မိုးရာသီတွင် ရေဖုံးလွှမ်း၍ တောင်သူများ စိုက်ပျိုးလုပ်ကိုင်၍မရဘဲ ရေကျနောက်စိုက်နှင့် နွေစပါးကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြကာ ယခုနှစ်တွင် ဧက ၆၀၀ ခန့်ကို နွေစပါးနှင့် ဧက ၂၀၀ ခန့်ကို နှမ်း၊ ပဲအမျိုးမျိုးအစရှိသည့် အခြားသီးနှံများ စိုက်ပျိုးလုပ်ကိုင်မည် ဖြစ်သည်။ မျိုးစပါးနှင့် ဓာတ်မြေဩဇာများ ဖြန့်ဝေပေးထားပြီး စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအစရှိသည့် ဌာနဆိုင်ရာများက တောင်သူများ၏ လိုအပ်ချက်အခက်အခဲများကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ပြည်နယ်ဝန်ကြီးချုပ်အား ဒေသခံတောင်သူများက လိုအပ်ချက်များ တင်ပြဆွေးနွေးစဉ်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တောင်သူများ တွေ့ဆုံရာတွင် ဘားအံခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အကျိုးပြုဧရိယာ ရာနှုန်းပြည့်စိုက်ပျိုးလုပ်ကိုင်နိုင်ရေး ဆောင်ရွက်ထားမှုများ၊ စက်မှုလယ်ယာဌာနနှင့် တောင်သူများပူးပေါင်း၍ မြေယာပြင်ဆင်နေမှုများစသည်တို့ကို ရှင်းလင်းတင်ပြပြီး သံလှယ်ကျေးရွာနှင့် ကော့ပန်ကုန်းကျေးရွာတို့မှ တောင်သူများက ရေသွင်း၊ ရေထုတ်မြောင်းများနှင့် ကုန်ထုတ်လမ်းလိုအပ်ချက်များကို တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် စိုက်ပျိုးရေးဦးစီးဌာန၏ သံလှယ်မြစ်ရေတင်ဧရိယာအတွင်း RS-CS မျိုးစေ့ထုတ်စိုက်ခင်း ငါးဧက၌ သံလှယ်မြစ်ရေတင်ဧရိယာအတွင်း နွေစပါးစိုက်တောင်သူများနှင့် တွေ့ဆုံခဲ့ပြီး မြစ်ရေတင်ဧရိယာအတွင်း ရေသွင်းရေနုတ်မြောင်းအဖြစ် အသုံးပြုလျက်ရှိသော မရမ်းချောင်းကို အလျားပေ ၆၀၀၀၊ အနက် ၉ ပေ၊ အကျယ်ပေ ၃၀ ပြန်လည်တူးဖော်နေမှုနှင့် အမှတ်(၉)လက်တံမြောင်းထိပ်၌ ဒေသခံတောင်သူများနှင့် ဘားအံမြို့နယ်မျိုးစေ့ထုတ်အသင်းတို့က နွေစပါးစိုက်ပျိုးရန် မြေယာပြင်ဆင်နေမှုများကို ကြည့်ရှုအားပေးသည်။

**စောမျိုးမင်းသိန်း**
**(ပြန်/ဆက်)**

# နားမကြားသောကလေးများကျောင်း(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများအား ဒုတိယအကြိမ် ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးပေး

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ နားမကြားသော ကလေးများကျောင်း (ရန်ကုန်)မှ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား တရုတ်နိုင်ငံထုတ် ဆီနိုဗက်အမျိုးအစား ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးများကို ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဒုတိယအကြိမ်အဖြစ် တာမွေမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ဒီဇင်ဘာ ၂၉ ရက်က ထိုးနှံပေးသည်။



မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် လူမှုဝန်ထမ်းဦးစီးဌာန၊ မြို့နယ် ပညာရေးဌာနနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်းပြီး ထိုးနှံပေးခြင်းဖြစ်ကာ နားမကြားသော ကလေးများကျောင်း (ရန်ကုန်)မှ ဆရာ ဆရာမများ၊ မြို့နယ် ကြက်ခြေနီအသင်းဝင်များနှင့် လူမှုကူညီရေးအသင်းဝင်များကလည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့သည်။

တာမွေမြို့နယ်ရှိ နားမကြားသောကလေးများကျောင်း (ရန်ကုန်)ကို ၂၀၁၄ ခုနှစ် ဇွန် ၉ ရက်က စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ကျောင်းသား ၁၅ ဦးနှင့် ကျောင်းသူ ၁၃ ဦး စုစုပေါင်း ၂၈ ဦးကို ပညာသင်ကြားပေးလျက်ရှိသည်။

အဆိုပါကျောင်းမှ အသက် ၁၂ နှစ်နှင့် အထက် ကျောင်းသား ကျောင်းသူ ၁၁ ဦးအား နိုဝင်ဘာ ၃၀ ရက်က ပထမအကြိမ် ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ယနေ့တွင် အဆိုပါ ကျောင်းသား ကျောင်းသူများအား ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးခြင်း ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# မြို့နယ်အသီးသီးတွင် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်

**ကလေး**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ မြို့သာရပ်ကွက် သာသနာ့ဂုဏ်ရည် ကျောင်းဓမ္မာရုံ၌ ဒီဇင်ဘာ ၂၇ ရက်က ပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ ဆောင်ရွက်ပေးရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှစိုး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မျိုးထွန်း၊ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်စိုးတို့က သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် အသက် ၁၆ နှစ်ပြည့်ပြီးသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**မောင်ကျော်(ပြန်/ဆက်)**

**ပုလော**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပုလောမြို့နယ်ရုံးမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဒီဇင်ဘာ ၂၆ ရက်က ပုလောမြို့အမှတ်(၂)ရပ်ကွက်ဓမ္မာရုံ၌ ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ပုလောမြို့နယ် လဝက ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးအောင်ကိုဦးက ပန်းခင်းစီမံချက်ဆိုင်ရာ အကြောင်းအသိပညာပေးဆွေးနွေး၍ လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပြီး မြို့နယ် လဝက ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက အသက် ၁၀ နှစ်နှင့် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၄၂ ခု၊ လဲလှယ်ဦးရေ ၂၀၊ မိတ္တူ ၁၉ ဦးနှင့် အိမ်ထောင်စု အသစ် ၂၄ စုကို ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**အေးအေးမော် (ပုလော)**

**ရန်ကင်း**

ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်ဖြင့် ဒီဇင်ဘာ ၂၇ ရက်က ရန်ကင်းမြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား ဆောင်ရွက်ပေးပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းပေးအပ်သည်။

ထိုသို့ပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကင်းမြို့နယ် ဦးစီးမှူးရုံးမှ လူဝင်မှုကြီးကြပ်ရေးမှူး ဦးသိန်းမောင်နှင့် ဝန်ထမ်းများက အမှတ်(၅)ရပ်ကွက်နေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၅ ခုကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေး၊ ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ပေးအပ်ခဲ့သည်။

**လှလှထွေး(ပြန်/ဆက်)**

# သီပေါ၌ စာပေဖတ်ရှုမှုပိုမိုမြင့်မားလာစေရေး ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် ဝန်ဆောင်မှုပေး

**သီပေါ ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည်ပြည်သူများ စာပေဖတ်ရှုမှု ပိုမိုမြင့်မားလာစေရန်ရည်ရွယ်၍ အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်များသို့ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်၊ စာစောင်များ၊ နေ့စဉ်ထုတ်သတင်းစာများ ငှားရမ်း ဝန်ဆောင်မှုပေးခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာ၌ မြို့နယ် သမဝါယမဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် စားသုံးသူရေးရာ ဦးစီးဌာနများသို့ ယခင် ငှားရမ်းပေးထားသော စာအုပ်စာစောင်များကို ပြန်လည် သိမ်းဆည်းပြီး ဒီဇင်ဘာ ၂၈ ရက်က သုတ၊ ရသစာအုပ်များကို ဌာနတစ်ခုလျှင် ၂၅ အုပ်ခန့် အသစ်ပြန်လည်လဲလှယ် ငှားရမ်းပေးကြောင်း သိရသည်။ အဆိုပါ ငှားရမ်းမှုမှာ စာပေတန်ဖိုး ချစ်မြတ်နိုးတတ်စေရန်၊ စာပေဖတ်ရှုခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ သိရှိစေရန်၊ စာပေဖတ်ရှုမှု ပိုမိုတိုးတက်မြင့်မားလာစေရန်တို့အပြင် အလုပ်တာဝန်များကြောင့် မအားမလပ်ဖြစ်နေသူများ၊ အချိန်မရ၍ စာအုပ်စာပေများ လာရောက်ငှားရမ်းနိုင်ခြင်း မရှိသူများကို ရည်ရွယ်ပြီး နေရာဌာနများအရောက် သွားရောက်ငှားရမ်းပေးခြင်း ဖြစ်ကြောင်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နီလာစိုးထံမှ သိရသည်။

**စိုင်း(သီပေါ)**



အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

# (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို စက်တင်ဘာတွင် ကျင်းပမည်

**နေပြည်တော်  ဒီဇင်ဘာ  ၃၀**

(၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ၂၀၂၂ ခုနှစ် စက်တင်ဘာတွင် ကျင်းပမည်ဖြစ်ပြီး တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည် ဖြစ်သည်။

အာရှအားကစားပြိုင်ပွဲကို လေးနှစ်တစ်ကြိမ် ကျင်းပခြင်းဖြစ်ပြီး (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၀ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ အိမ်ရှင်တရုတ်နိုင်ငံအနေဖြင့် ဟန်ကျိုးမြို့၌ အဓိကကျင်းပမည်ဖြစ်ပြီး နေရာ ၄၄ ခု၌ ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အားကစားနည်း ၄၀ ပါဝင်မည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစား ၄၈၂ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ရာ ရေကူး/ဒိုင်ဗင်/ဝါတာပိုလို၊ မြားပစ်၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ Breakdancing၊ ဘေ့စ်ဘော၊ ဘတ်စကက်ဘော၊ လက်ဝှေ့၊ ကနူး/ကယက်၊ ခရစ်ကက်၊ စက်ဘီး၊ ရိုးရာလှေ၊ မြင်းစီး၊ ဓားရေး၊ ဟော်ကီ၊ ဘောလုံး၊ ဂေါက်သီး၊ ကျွမ်းဘား၊ Handball၊ ဂျူဒို၊ Kabaddi၊ Martial arts (ဂျူဂျစ်ဆု၊ ကရာတေး၊ Kurash)၊ Mind sports (Bridge၊ စစ်တုရင်၊ Esports၊ Go၊ Xiangqi)၊ Modern pentathlon၊ Roller sports (Roller skating၊ Skateboarding)၊ အပြည်ပြည်ဆိုင်ရာလှေ၊ ရပ်ဘီ၊ ရွက်လှေ၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ Sport climbing၊ Squash၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ သုံးမျိုးစုံ၊ ဘော်လီဘော၊ အလေးမ၊ နပန်းနှင့် ဝူရှူးအားကစားနည်းတို့ ပါဝင်မည်ဖြစ်သည်။

မြန်မာအားကစားအဖွဲ့အနေဖြင့် ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သော်လည်း ယှဉ်ပြိုင်မည့်အားကစားနည်းများ ရွေးချယ်ရခြင်းမရှိသေးကြောင်း သိရသည်။

**ရဲရင့်လွင်**

○ *ကျော့ဖုံးမှ*

မန်စီးတီးအသင်းသည် ယခုပွဲစဉ်တွင် ဘရန့်ဖို့ဒ်အသင်းကို အနိုင်ရရှိခဲ့သောကြောင့် ဒီဇင်ဘာလအတွင်း ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ် အားလုံးကို နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် မန်စီးတီးအသင်းသည် အဆိုပါ ပွဲစဉ်များအတွင်း ရဂိုး ၂၄ ဂိုးအထိရရှိပြီး ပေးဂိုး ငါးဂိုးသာ ခွင့်ပြုထားရသေးသည်။ ပြိုင်ဘက် ဘရန့်ဖို့ဒ်အသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်မှုကြောင့် ပြိုင်ပွဲစုံ နောက်ဆုံး သုံးပွဲဆက် ရှုံးနိမ့်မှုနှင့် ကြုံတွေ့ခဲ့ရသည်။

ဘရန့်ဖို့ဒ်အသင်းသည် ပထမပိုင်းပွဲချိန်တွင် မန်စီးတီးအသင်းကို တုံ့ပြန်ကစားပုံကောင်းမွန်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ကစားအားကျကာ ပြိုင်ဘက်အသင်း၏ ဖိအားပေးမှုကို ခံခဲ့ရသည်။

မန်စီးတီးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၁၆ မိနစ်တွင် ဒီဘရိုင်း၏ ဖန်တီးမှုမှ တစ်ဆင့် ဖိုဒင်က သွင်းယူပေးနိုင်ခဲ့သည်။

ပြိုင်ဘက် ဘရန့်ဖို့ဒ်အသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ၁၈ ပွဲကစားပြီး ရမှတ် ၂၀ ဖြင့် အဆင့် (၁၄) နေရာတွင် ရပ်တည်နေသော်လည်း တန်းဆင်းဇုန်အသင်းနှင့် ရမှတ်ကွာဟမှု ကျဉ်းမြောင်းလာပြီဖြစ်သည့်အတွက် လာမည့်ပွဲစဉ်များတွင် ရလဒ်ကောင်း ရရှိရေး ကြိုးစားရတော့မည် ဖြစ်သည်။

**အောင်ဇော်**



သန့်ဇင်၊ မစန်းမြမိုး(ခ)သော်တာ၊ ဇော်ဇော်အောင်(ခ)ဇော်ကြီး တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# မြစ်ကြီးနား၊ နောင်ချိုနှင့် မိုင်းဆတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော်  ဒီဇင်ဘာ  ၃၀**

